# "စစ်ရောင်ခြည်"

ရေးသူ-ဒဂုန်ခင်ခင်လေး။

မူပိုင်ရှင်-ထုတ်ဝေသူ
ဒဂုန်ခင်ခင်လေး။

နဂါးနီပုံနှိပ်တိုက်။
၂၄၇၊လွှစ်လမ်း၊ရန်ကုန်မြို့တွင်ရိုက်နှိပ်သည်။

# စစ်ရောင်ခြည်

## သီသီကလေး လွတ်မြောက်သွားခြင်း။

ထိုအချိန်သည်၊ ၁၉၁၄-ခုနှစ်၏ ကမ္ဘာစစ်ကြီးဖြစ်နေဆဲအခါ ဖြစ်၍။ ကမ္ဘာဘဝှမ်းလုံးရှိ လူများမှာ၊ အာမြောက်သံ-ဗုံးသံများကို အထူးနားစွင့်နေရသည့် အခိုက်အတန့်မျိုးဖြစ်ခဲ့လေရာ၊ ဂျာမန်တို့ ခြေရှုန်းခြင်းဖြင့်၊ အနစ်နာခံသော တိုင်းပြည်ကလေးတခုကား၊ ဘယ်လ်ဂျီယံ တိုင်းပြည်ငယ်ကလေး တပြည်ပင်ဖြစ်ပေ၏။

ဘယ်လ်ဂျီယံ တိုင်းပြည် တပြည်လုံးရှိ၊ ကြီးကျယ်သော အဆောက်အဦကြီးများ၊ မြင့်မြင့် မားမား၊ မိုးမျှား တိမ်ဘိုက်သို့ ထိုးတက်နေကြသော၊ ဘုရားရှိခိုးကျောင်းကြီးများမှာ၊ ဂျာမန်တို့လက်ချက်ဖြင့်၊ ပျက်စီးခြင်းမလှ ပျက်စီး ရှာကြရပြီး မြေပေါ်တွင် ကြီးမားသော အချွန်ချုံ တိုက်ပျက်ကြီးများဘဝသို့၊ တခဏာနှင့်ကူးပြောင်းသွားခဲ့ကြရရှာ၏၊ ယင်းသို့ အနှစ်နှစ်အလလက၊ ကျကျနန၊ လှလှပပပြုစုမျိုးထောင်ထားခဲ့သမျှသော တိုက်တာအိမ်ယာ၊ အဆောက်အဦများအား၊ တသက်လုံးမွေးရသည့် ကြက်၊ တမနက်နှင့်ရိုက်သတ်ခံရသည်ဆိုသလို၊ မိနစ်အနည်းငယ်မျှနှင့်မြေလှန်ပစ်လိုက်ခြင်းခံရပြီး၊ တငွေ့ငွေ့ မီးတောက်မငြိမ်းသေးသော အဆောက်အဦပျက်များ၊ လူသေကောင်များ၊ ငြီးညူဟစ်အော်နေကြသော၊ ဒဏ်ရာဒဏ်ချက်သွေးစက်စက်နှင့်လူနာများသည်၊ စစ်တိုက်

ပြီးစ စစ်မြေပြင် ပမာ၊ ကြက်သီး မွေးညှင်း ထစရာကောင်းလှရာတွင်၊တပြည်လုံးကို အုပ်စိုးလွှမ်းမိုးနေနိုက်ဖြစ်သော၊ ဂျာမန်စစ်သားဘို့၏ ပြောင်းထန်သော ဘိနပ်ခွါသံကြီးများ သည်ငင်း၊ ၎င်းတို့၏ရက်စက်ကြမ်းကြုပ်၊သွေးစိမ်းရှင်ရှင်ကို စုတ်တော့မည့် ကဲ့သို့သော၊ တင်းမာခက်ထန်လှသောမျက်နှာထားကြီးများသည်၎င်း၊ အဆဲငယ်ငယ် ဒုက္ခသယ်တို့မှာ၊ ကိုးကွယ်ရာ မရဘဲ၊ လွှယ်လွှယ်နှင့် သေပွဲဝင်လောက်စရာ ဖြစ်လေတော့သည်။

ဤသို့သောင်းထောင်းကြည့်က်၊ ပျက်စီး ပြုံးတိး၍၊ စစ်မီးခိုးတအူအူတက်နေသော ဘယ်လ်ဂျီယံပြည်ငယ်ကို၊ လူကျယ်လူဝွ-ဂျာမန်စစ်ဘုရင်ခံတဦး သာရောက်အုပ်စိုးကာ၊ တန်ခိုးအာဏာပေးနေသော အချိန် အခါ၌တနေ့သောနံနက်ခင်း၊ နှင်းကလေးဝေဝေတွင်၊ သူနာပြုဆရာမ "မစ်ကာဗဲလ်"သည်၊ သူ၏မိတ်ဆွေမတဦးဖြစ်သူ၊"မဒင်ဒီပက်"ခေါ်၊ ဆိုင်ကြီးရှင်မတဦးထံသို့၊ လမ်းလျှောက်ရင်း ဝင်ရောက်လာခဲ့လေ၏။ မဒင်ဒီပက်သည်၊ ဘယ်လ်ဂျီယံပြည်၊ဘရပ်ဆဲလ်မြို့သို့ ရောက်လာနေထိုင်စဉ်အခါကစ၍၊ဈေးသမားရိုးကျ၊ ရိုးရိုးသားသား၊အေးအေးချမ်းချမ်း၊ ကြက်ငှက်မွေးမြူခြင်း၊ နွား နို့ ဒိန်ခဲ ရောင်းချခြင်း စသောအလုပ်များနှင့်၊ခင်မှန်မှန် ကြီးပွားလာသူဖြစ်ထေရာ၊ကမ္ဘာစစ်ကြီးစ၍ဖြစ်ချိန်အထိပင်၊ အင်္ဂလိပ်အရာရှိတဦး၊ဘယ်လ်ဂျီယံစစ်ဗိုလ်တဦးနှင့်၊ အခြားဂျာမန်အရာ

ရှိတို့ ဒိမ်ချားသို့ပင်၊ နွားနို့ ဒိန်ခဲ ပေးသွင်းနေခဲ့ပေသေးသည်။ ၎င်းမှာ၊ မစ်ကာဗလ်၏ ငုင်နှမ်းချစ်ခင်သော မိတ်ဆွေမကြီးတဦးလည်းဖြစ်လေ၏။

သူနာပြုဆရာမကြီး မစ်ကာဗလ်မှာ ဘား၊ဘာရင်ဆဲလ် မြို့တွင်၊ ကိုယ်ပိုင်သူနာပြု ဆေးတိုက်ကြီးတတိုက်၏ ပိုင်ရှင် ဖြစ်ပြီးလျှင်၊ မိမိဆေးရုံသို့ ရောက်လာ သမျှသော ဝေဒနာသည်တို့အား၊ လူမျိုးမရွေး၊ အယုတ် အထက်၊ အမြတ်မရွေး၊ ညီမျှသော စေတနာမေတ္တာနှင့်၊ ယုယကြင်နာစွာ၊ ကိုယ်ဘိချင်ဘိ ပြုစု ကုသပေးတတ်သောအလေ့ ရှိသဖြင့်၊ဘာရပ်ဆဲလ် မြို့သူ မြို့သားတို့၏ ချစ်ခင်မြတ်နိုး၊ အားကိုးယုံကြည်ခြင်းခံရသူတဦးဖြစ်ချိမကာ-ဘာရင်ဆဲလ် မြို့တွင်းသို့ ဂျာမန်စစ်သားများ ချင်းနင်း ဝင်ရောက်ခါ၊ ယောက်မချွာစိုးမိုးခဲ့သည့် အချိန်အခါမှာပင်၊ ဂျာမန်စစ်သည်တော်များအတို့ သူနာပြုအလုပ်ဖြင့် အစွမ်းရှိသမျှ အားထုတ်ကူညီခဲ့ရပြန်သည့်အတွက်၊ ဂျာမန်စစ်ဘက်ဆိုင်ရာကလည်း၊ မစ်ကာဗလ်အား၊ အထူးယုံကြည် လေးစားခြင်း ခံရသူတဦးဖြစ်လေ၏။ မစ်ကာဗလ်မှာ၊ အမျိုးအမည် အတန်းအစားမရွေး၊ ဒုက္ခဝေဒနာခံစားရသူများအား၊သနားကျင်နာစွာ ပြုစုတတ်သော အလေ့အထတရထည်းကို အရင်းခံသောခြင်းဖြင့်၊ ဂျာမန်စစ်ဘက်ဆိုင်ရာ "ဝါ"အစိုးရများနှင့် မြို့သူမြို့သားနှစ်ဦးနှစ်ဘက်မှ၊ယုံမှတ်ခြင်းခံရသူဖြစ်နေသည်နှင့်အညီသည်း၊ မိမိပိုင် သူနာပြုဆေးကုရုံကြီးနှင့် မိမိ၏ သူနာဝေဒနာ

သယ် ဒုက္ခသယ်တို့ကို ကာယ်ဆယ် ကူပင့် လိုသော
စိတ်အာသီသ-စေတနာ အရင်းခံကာ၊ သံယောဇဉ်
တွယ်နေရှာသူဖြစ်သည့်အားလျော်စွာ၊ စစ်ကြီးဖြစ်စက-
ရင်း၏ ဇာတိချက်ကြွေ-အင်္ဂလန်ပြည်သို့ ပြန်လည်နေ
ထိုင်ရန် အခွင့်အရေးရစဉ်ကပင်လျှင်၊ဘယ်လ်ဂျီယံပြည်
ဘရပ်ဆဲလ်မြို့ရှိ မိမိပိုင် ဆေးကုဌာနကြီးအား၊ မစွန့်ခွါ
ရက်နိုင်သောကြောင့်၊မပြန်ဘဲနေမြဲနေထာခဲ့ပြီးလျှင်၊ မိမိ
နှင့် ပေါင်းသင်းမိတ်ဆက်ခဲ့သော ဆိုင်ကြီးရှင်မ-မဒင်ရီ
ပက်နှင့်လည်း တစိတ် တဝမ်းတည်း ချစ်ခင်ခဲ့လျက်၊
"ရက်ခရော့"ခေါ် ကြက်ခြေနီ သူနာပြုအသင်း တခုကို
ပင် တည်ထောင်ကာ-စစ်ဘက်ဆိုင်ရာသို့ အကူအညီ
ပေးနေပြန်သေး၏။

မစ်ကာဗယ်သည်၊ မဒင်ရီပက်အိမ်သို့ ရောက်လျှင်၊
ရှေးကနှင့်မတူ-အမူအရာ အရိပ်အယောင် ထူးခြားနေ
သည်ကို သတိထားမိလေ၏၊ဘယ်လ်ဂျီယံပြည်ကို ကြမ်း
ကြုပ်ရက်စက်သော စစ်ရောင်ခြည် အုပ်မိုးဖုံးလွှမ်း
စဉ် ခေတ်ဆိုး ကာလဆိုးကြီး အတောအတွင်းမှာပင်၊
ကံအားလျော်စွာ အေးချမ်းသာယာ၍၊တံခါးမရှိ-ဒါးမရှိ
ချောင်ချောင်ချိချိ နေနိုင်ခွင့်ရှိသလို၊ အိမ်တံခါးများကို
အပိတ်အဆို့အတားအဆီးမပြုဘဲ၊ ဥဒဟို—ဒိုးယိုပေါက်
ထားခဲ့သော မဒင်ရီပက်၏ အိမ်တံခါးများမှာ၊ယနေ့အ
တို့ ထူးခြားစွာပိတ်ဆို့ထားသည်ကို တွေ့မြင်ရလေ၏။
မစ်ကာဗယ်သည် အိမ်၏ထူးခြားသော အခြေအနေကို

မြင်ရုံနှင့် ဆက်ခဲ့ပ်မိကာ-ငါ့မိတ်ဆွေမ- ဘာများဖြစ်ပါ လိမ့်မလဲဟုစဉ်းစားပြီး၊ စေ့ထားသော တံခါးရွက်ကို တွန်းလျက်၊အတွင်းဧည့်ခန်းဘက်သို့ ဖြေးညှင်းစွာဝင် လာခဲ့လေ၏။

အခါတိုင်း စိုးပြစွင်လန်းနေသော ဧည့်ခန်းမှာ၊တရုတ်တရာ- ရင်ဆိုင်တိုးလာသော အရေးကိစ္စကြီးတခု၏ အရှိန်ဒဏ်ကို မခံနိုင်ဘိအလား၊ ထူးခြားတိတ်ဆိတ်နေ သည်ကို တွေ့ရ ပြန်လေသည်။ မစ်ကာဗလ်သည် မိမိ စိုးရိမ်မကင်းဖြစ်မိသည်အားလျော်စွာ၊ ဧည့်ခန်းမှတဖန် အခြားအခန်းများကိုလိုက်သံရှာဖွေပြန်လျှင်၊ တခုသော အခန်းကလေးထည်းတွင်၊ သူ၏မိတ်ဆွေမ မဒင်ရိပက် သည်၊ ထိတ်လန့်စိုးရိမ်ခြင်းပြင်းလှသော မျက်နှာထား နှင့်၊ ဆဲ့ငှစ်နှစ်ရွယ်ခန့်မျှသာ ရှိသေးသည်ဖြစ်သော သူ၏ သားကလေး-ဂျက်ကိုပိုက်ဖက်ခါ၊ သားကလေး ပြောနေသော စကားများကို စူးစိုက်နားထောင်နေသည် ကို တွေ့မြင်ရလေ၏။

မစ်ကာဗလ်သည်၊ မဒင်ရိပက်နှင့် သူ၏သားကလေး ဂျက်မှာ၊ စစ်ကြီးဖြစ်စအခါကပင် တခြားစီနေလာကြ ပါလျက်၊ယခုဘယ်အတွက် အထိတ်တလန့်ပြန်ရောက် လာလေသနည်း၊ ကောင်ကလေးမှာလည်း၊ ထိတ်ထိတ် ပြာပြာနှင့်၊ တနေရာရာမှ အသက်ကိုလု၍ ပြေးလာခဲ့ ရဟန်ထက္ခလာ-သူ၏ ကိုယ်မှာလည်း ဒဏ်ရာအချို့ သွေးပို့ပို့နှင့်တွေ့မြင်ရသောကြောင့်၊ ကေ န္တ အကြောင်း

တော့ လူကြုံပြီဟု– မစ်ဘာဗလ်တွေးလိုက်မိပြီး သား
အမိပြောနေကြသောစကားကို၊ သွား၍နားထောင်လိုက်
မိရာ၊ ဂျက်၏ဘပိုင်းတစ-စကားထည်းတွင်။

ကျွန်တော်-ဟိုက ထွက်ပြေးလာရတယ် မေမေရဲ့၊
ကျွန်တော်ဘိုကို တားဆီးထားတဲ့ လူတယောက်ကိုလဲ၊
မသတ်ရင်မဖြစ်လို့-သတ်ခဲ့ရတယ်၊ သူတို့လိုက်ဖမ်း
ကြဒါနဲ့ ခြေကုန်သုတ်ခဲ့ရတယ်၊ နောက်ကျွန်တော်နဲ့ အခ
တူပြေးလာတဲ့လူကို၊ သူတို့လူစုက သေနတ်နဲ့ပစ်လိုက်
လို့ လဲကျန်ရစ်ဘယ်၊ အဲဒီလူသေနတ်မှန်ပြီး ကျန်ရစ်
ထာဟာ'သူ့အတွက် ကံမကောင်းရှာပေမဲ့၊ကျွန်တော့်
အတွက်တော့ ပြေးပေါက်ရလာဒါဘဲ မေမေ၊ အခု-
ကျွန်တော့ဒက်ရာတွေကိုဘယ်လို၊— ကျွန်တော်ဝုန်းနေ
မှ ဖြစ်မယ်ထင်တယ်.စသောစကားများနှင့်၊ မဒင်ရိုပက်
သည်၊ သူ၏ ရင်သွေး သားကလေးကို အသည်း
နှလုံးကြားမှစိမ့်ယိုလာသောအသံဖြင့်၊ စိုးရိမ်ကြီးစွာ....
ဒါဖြင့်ဟိုလူတွေမိသွားတဲ့ ငါ့သားရဲ့အဖေါ်ဘာ-ငါ့သား
နာမယ်တွေနေရပ်တွေကိုပြောမှဖြင့်၊ လိုက်ထာကြတော့
မှာဘဲ၊ ငါ့သားအတွက် အမေ့အသက် အရင်ထွက်ရ
ချည်ရဲ့ကွယ်”ဟု မျက်ရေအသွယ်သွယ်နှင့်သားငယ်၏
နဖူးကိုပါးနှင့်အပ်၍ ပြောနေရှာသည်ကို၊ မစ်ဘာဗလ်
မြင်ရသောအခါ၊ သူ၏မိတ်ဆွေမ၏အပူကို၊ညီတူမျှတူ
ဝင်ရောက် ခံစားနေရသကဲ့သို့ဖြစ်မိလေ၏။ ထိုနောက်
ဂျက်သည်မိခင်၏ပူပင်ထိတ်လန့်ခြင်းကို၊ သက်သာရာရ

စေမည်ဖြစ်သော"ဒီ- ဟိုလူပြောမှာတော့ မပိုးရိမ်ပါနဲ့မေမေ၊ ဟိုလူဟာ-ကျွန်တော့် နေရပ်မဆိုထားနှင့်၊ ကျွန်တော်ရဲ့နာမည် ကိုတောင်မသိရှာပါဘူး၊ ဟိုအထဲမှာဒီလိုဘဲတယောက်နှင့်တယောက် ဘယ်သူမှမသိကြပေဘဲ၊ ပြေးပေါက်တွေ့တာနဲ့ တပြိုင်ထဲ၊ တပိတ် တသသာထဲထွက်ပြေးကြတာဘဲမေမေရဲ့၊ မပြေးတို့ သူတို့ညှင်းဆဲထားသလိုလဲ မနေနိုင်ဘဲကိုး၊ ဒီအတိုင်း နေရတာထက်-လွတ်ရင်လဲလွတ်-မလွတ်လို့သေနတ်မှန်ပြီးသေရလဲ၊ သူတို့ညှင်းဆဲခံနေရတာစာရင်၊ မြန်မြန်သေနတ်မှန်ပြီးသေရတာကမြတ်သေးရဲ့လို့-စိတ်ကိုအဆုံးစွန်စွန့်ပြီး ပြေးလာကြရတာကထား၊ ဟူသော စကားအရမဒင်ရိပက်မှာ၊ အဘန်ငယ်ပိုးရိမ်ခြင်းမှ သက်သာရာရသွားရှာသည်ကို တွေ့မြင်ရလေသည်။

မစ်ကာဗလ်သည်၊ ဂျက်ကလေးကို အထူးသဖြင့်အကူအညီပေးချင်သော စေတနာတွေလွှမ်းမိုးလာလေ၏။ ဂျက်၏စကားထည်းတွင်၊ မရှင်းမလင်းသေးသော အကြောင်းများပါဝင်နေသောကြောင့်၊ ရှေ့သို့တိုးကာအသံပြုလိုက်မိရှာ၏။ မဒင်ရိပက်တို့ မိသားနှစ်ဦးမှာ၊ မစ်ကာဗလ်ကိုပင်၊ ရန်သူပမာ-ပြူးတူးပြာတာ ကြည့်နေကြရှာ၏။ မဒင်ရိပက်သည်၊ သားကလေးကိုတင်းကြပ်စွာဖက်ပြီး-မစ်ကာဗလ်အား—

မစ်ကာဗလ်-ရှင်ဟာ သူနာပြုဆရာမပါ၊ ဒီဘော့ဂျမန်စစ်ဘက်ဆိုင်ရာကလူတွေနဲ့ဆက်သွယ်ပြီး၊ ကြက်

ခြေနီသူနာပြု အသင်းကြီးကိုလဲ၊ တည်ထောင်ထားတဲ့ လူဖြစ်ပါတယ်။ ကျမတို့သားအမိရဲ့ကိစ္စထဲမှာ၊ ရှင်အသားကလေးမျက်နှာလွှဲမနေနိုင်ဘူးဆိုရင်နားမထောင်သင့်ဘူးလို့ထင်တာတဲ့ဟု ပြောလိုက်သောအခါ၊မစ်ကာဗလ်မှာ- ယုတ်တရက်သော်- အံ့အားသင့်ကာ ငေးနည်းသွားမိရှာသေး၏၊ ထို့နောက်မှ သားကလေးအရေးဖြစ်၍၊ငယ်ထိပ်သွေးရောက် အပူမီးတောက်နေရှာသူ ဖြစ်သောကြောင့်၊ ပြောမိပြောရာ- ပြောလိုက်ရှာခြင်းပင်ဖြစ်တန်ရာသည်ဟုယူဆကာ၊

အို....မဒင်ရီပက်ရယ်-ကျမမှာ အပျိုကြီးမို့သားချင်း၊ ဘွီးချင်းမစာတတ်ဘူး မထင်လိုက်ပါနဲ့၊ကျက်ပြောတဲ့ စကားတွေကိုကြားကတည်းက၊ရင်ထဲမှာ-လှိုက်လှိုက်လှဲလှဲကြီးကူညီလိုတဲ့ စိတ်တွေဖြစ်ပေါ်နေပါတယ်။ကျမရဲ့စိတ်ထဲမှာလဲ၊ ဒုက္ခသယ်မှန်ရင်-ဂျာမန်စစ်ဘက်ကလူတွေရယ်၊ ဘရင်ဆဲလ်မြို့သားတွေရယ်၊ အင်္ဂလိပ်ရယ်၊ ရုရှားရယ်လို့မခွဲခြားတတ်ပါဘူး၊ သနားတတ်တဲ့ စိတ်ရင်း တခုထဲရှိတယ်ဆိုတာ-ရှင်အသိသားပါ၊ ကြက်ခြေနီ အသင်းဆိုတာလဲ၊ ကျမသာမဟုတ်-ရှင်လဲ ဒီအသင်းထဲက အသင်းသူ တယောက်တဲ့ မဟုတ်ပါလား၊ ကျမကိုနဲ့နဲ့ကလေးမှ အထင်အမြင် မမှားပါနဲ့၊ ရှင့်သား—ကျက်ရဲ့ဒဏ်ရာချွားကို၊ လူမသိအောင်ကြိတ်ကုရမဲ့ တာဝန်ကို၊ ကျမပခုံးပေါ် တင်ပေးလိုက်ပါ၊ မဒင်ရီပက်ရယ်—ဟု ညွှင်းညွှင်းသာသာ လေချိုသွေး၍

ပြောလိုက်သည်တွင်မှ၊ မဒင်ရိပက်မှာလည်း၊ ငိုမိအစိုး ရိမ်ကြီး၍၊ ရှေ့လောတကြီး ပြောသိုက် မိသားစုကား များအတွက်၊ နောင်တ,တချားရသကဲ့သို့ ဖြစ်သွားကာ၊ အားကိုးရာမဲ့ကြံရာမရ ဖြစ်နေသဲအခါတွင်၊ ကူညီမည့် သူ အဆင်သင့်လာတွေ့ရသောကြောင့်လည်း၊ တနည်း အားဖြင့်၊ အားတက် ထသမိရှာတျက်၊ မစ်ကာဗလ်၏ လက်ကိုဆွဲကာ-ဒါဖြင့်ကျမသားကလေးအတွက်၊ရှင့်ကို ဘဲအားထားရမှာဘဲနော်၊ ကျမစောစောက ပြောမိတာ တွေ သွေးမယူပါနဲ့ မစ်ကာဗလ်ရယ်၊ ငယ်ထိပ်မြွေ ပေါက်သလို အပူမီးတောက်နေတဲ့ အခါဖြစ်နေတော့၊ ကျမသားကလေးရန်သူတွေမိသွားမှာ စိုးရိမ်လွန်းလို့ပါ ဘဲ-ဟုပြောနေစဉ်၊ အိမ်ရှေ့မှပြင်းထန်သော ဘိနပ်ခြေ သံများနှင့် ခက်ထန်ကြမ်းကြုတ်စွာ ခေါ်အော်နေသော အသံများကို ကြားရသည်တွင်၊ သားကလေးအတွက် မီးတောက်နေရှာသော-မဒင်ရိပက်မှာ၊ မျက်သလဲဆံပြာ နှင့်ဝမ်းမဆီသို့ ဖွမ်းမျှော်ကြည့်လိုက်မိရာမှ၊ မျက်နှာ တွင်သွေးများရုတ်တရက် ဆုတ်သွားပြီး "အမယ်လေး- တခါမှ ကိုယ်ကျိုးနည်းပေါ့-မစ်ကာဗလ်-အပြင်မှာ-အ ပြင်မှာ-ကျမသားကလေးဘမ်းဘို့ ဂျာမန်စစ်သားတွေ လိုက်လာကြပြီ"ဟု ရင်ဘတ်စည်တီး ကြိတ်ခါပြောရှာ သည်တွင်၊မစ်ကာဗလ်မှာ ဂျက်၏လက်ကိုလျှင်မြန်စွာဆွဲ လျက်၊ ကဲလာလား-ဂျက်နောက်ဖေး ပေါက်ကပြေးကြစို့၊ မဒင်ရိပက်ကလဲ စုးန္တမပျက်နေ၊သွားလေ-သွား၊ အပြင်

ကိုထွက်ပြီး၊ သူတို့နဲ့ သွားတွေ့လိုက်ပါ-ဟု ဆိုကာ၊ နေဝီ ဖေးပေါက်မှမိမိ၏အေးရုံသို့-သုတ်ခြေတင်ကြလေတော့၏၊မစ်ကာဗလ်ကား၊ ထိုအချိန်ထိုကာသ၌၊ ဂျက်ကိုသနားသဖြင့်ချမ်းသာရာချမ်းသာကြောင်း၊ကယ်ဆယ်လိုသော ဆန္ဒမှတပါး၊ အခြားကြောက်ထန့် စိုးရိမ်စရာဟူသမျှကို၊ဘာမျှမတွေးမိ၊ရက်စက်ဆိုးဝါးသော ဂျာမန်စစ်အမှုထမ်းများ၏ဘေးအန္တရာယ်ကြီးကိုလည်း၊အနည်းငယ်မျှ မစဉ်းစားခဲ့ပေ၊အိမ်ထည်းမှါယောင်ထယ်လသ်နှင့်ကျန်ရစ်ရှာသော၊ မဒင်ရိပက်လည်း၊ စစ်သားများ ရှိရာသို့ထွက်ထလျက်၊ ဟန်မပျက် ပြောဆိုမေးမြန်းပါတော့မည်ဟု ကြံစည်မိသည် တိုင်လည်း၊ အိုးမှလုံးအုံပွင့်ဆိုသလို၊“ဒီကောင်တွေဟာ-ငါ့သားကလေးကိုဘမ်းဘို့ လာကြတာပါဘဲ”ဟူသောအတွေးကြောင့်၊ခက်ထန်တောင့်တင်းသောစစ်သားများကို၊ မျက်ဝါးထင်ထင်တွေ့မြင်ရသောတခဏ၌၊တလိုက်လိုက်ဘက်ဆောင့်သောအပုလုံးကြောင့်၊ဗျုံးကနဲမတ်တတ်မှလဲ၍သွားရှာသော၏။

မဒင်ရိပက်သည်၊ သတိရ၍ မျက်လုံးကိုဖွင့်ကြည့်မိသောအခါ၊ ဂျာမန်စစ်ဗိုလ်တဦးအမှူးရှိသော စစ်သားများကိုတွေ့ရပြီး၊၎င်းတို့က အမယ်ကြီးဘာမှမကြောက်ပါနဲ့၊ ခင်ဗျားကိုရန်ရှာမယ်လို့ လာတာမဟုတ်ပါဘူး၊ ဒီစစ်သားတွေ တည်းခိုနေစရာလို့-ခင်ဗျားအိမ်ကို အသုံးပြုချင်တာပါ၊ ဒီမှာစစ်သားဘယ်နှစ်ယောက်လက်ခံနိုင်မလဲ—ဟု မေးမြန်းသည်တွင်မှ၊ မဒင်ရိပက်၏ အပု

လုံးကြီး၊ဗျူးကနဲကျသွားလေ၏။ အောင်-အောင်၊တဲခိုမယ်ဆိုရင်ဖြင့်၊အမေကြီးအိမ်မှာ၊လေးယောက်သောက်တော့နေထိုင်စရာ ပေးနိုင်ပါတယ်—ဟု အာမခံလိုက်မှ၊ စစ်ဗိုလ်နှင့်စစ်သားများသည်၊ ထိုအိမ်တွင် စစ်သားလေးယောက်ထားပြီး ရှေ့ခရီးသို့ ဆက်လက်ထွက်ခွါသွားကြလေသည်၊

မဒင်ရီပက်သည်၊မိမိအိမ်တွင်ကျန်ရစ်သော စစ်သားလေးယောက်အား၊အိမ်ရှင်တို့၀တ္တရားအတိုင်း၊နေရာထိုင်ခင်းပေးခြင်း၊လဘက်ရည်နှင့် မုန့်များကျွေးခြင်း၊ စသည်တို့ကို၊အမြဲမပျက် ပြုလုပ်နေရှာရင်း၊ ၎င်းတို့ အမူအရာကို တစိုးဘစောင်းမှ၊ မကြာခဏ အာကဲခတ်နေမိရှာ၏။ စစ်သားလေးယောက်ကား၊ လောကကြီးတွင် ငါတို့ဘယ်သူ့မျှအမှုမထား–ဟူသောအမူအရာများနှင့်၊ ၎င်းတို့ပြောလိုသောစကားများကို၊ စည်းမဲ့ကမ်းမဲ့၊ အရမ်းမဲ့ပြောလျက်ကြလေသည်။ ၎င်းတို့စိတ်တွင်၊ အိမ်ရှင်မဒင်ရီပက်အား၊ ချာမန်စကားမတတ်ဟု ထင်သည့် တကြောင်း၊ ဘာအရေးပိုက်စရာရှိလဲဟု အတွေးရောက်သည့်တကြောင်းတို့ကြောင့်၊ ပြောချင်ရာပြော-လုပ်ချင်ရာလုပ်နေကြသည်ဖြစ်ရာ၊မဒင်ရီပက်မှာလည်း၊ သားကလေး၏အကြောင်းကို၊တစွန်းတစ စနည်းနာနေသူ ဖြစ်သဖြင့်၊ ယမန်နေ့ကထွက်ပြေးသောအကောင်များကို၊ တအိမ်တက်ဆင်း လိုက်ရှာသွားခဲ့ကြောင်း၊ ကျန်သေးသောအိမ်များကိုလည်း၊ တအိမ်တက်ဆင်း လိုက်ရှာနေကြပြီ

ဖြစ်ကြောင်း- များကြားရလျှင်၊ သားဘဘေး ဂျက် အတွက်၊ယုတ်တရက်မွှန်ဘက်သွားမိလေ၏။ ဤမှုပိုက်ဗိတ်တိုက်၍၊ အကြွပ်အတည်း လိုက်ရှာဖွေကြလိမ့်မည်ဟု မထင်၊ ဂျက်ကို လျှို့ဝှက်၍၊ ခေါ်ယူသွားသော သူနာပြုဆရာမကြီး၊ မစ်ကာဗလ် ကိုယ်တိုင်လည်း၊ ဂျာမန်စစ်သားတွေ ဤမှု ပိုက်ဗိတ်တိုက်၍ လိုက်နေသည်ဟုမသိ၊ မြန်မြန်ပြေးပြီး သတိပေးလေမှတဲ့ဟု၊ စစ်သားများ မြင်လျှင်လည်း၊ အထင်မမှားစိမ့်သော၄ါ၊ ကြက်ခြေနီသူနာပြုအသင်း၏ အလုပ်ဝတ္တရားများ အတွက်၊ သွားရသော သဏ္ဌာန်နှင့်၊ထိုးပြီး ထိုးထက်စဖြစ်သော၊ သိုးမွေးလည်ပတ်ချား၊ ခြေအိပ်ရှည်ကြီးများကို၊ အဝတ်ကြီးဘရနှင့် ထုပ်ပိုးသယ်ယူကာ၊ကြက်ခြေနီ သူနာပြုအသင်းမှာနဖြစ်သော၊ မစ်ကာဗလ်၏ဆေးရုံသို့၊ ခပ်သုတ်သုတ်ကလေး လျှောက်လာလေသတည်း။

မစ်ကာဗလ်ရေ- ကျွန်မသားကလေးကော-ဟု တိုးတိုးလက်ကုတ်နေ၍။ ရှိပါတယ်၊အပေါ်ထပ်ကသူနာခန်းမှာ၊ချမ်းချမ်းသာသာပါတဲ့ ဒေါက်ရေလဲတယ်မကြီးဂျုယ်လှပါဘူး၊ အားလုံးဆေးများ ဘည့်ပြီး-ပတ်တီး တွေစီးပေးထားပါတယ်၊ မကြာခင်ပျောက်သွားမှာပါဘဲ-ဟု ခပ်အေးအေးပြေ လိုက်သည်တွင်၊မဒင်ရိုပက်မှာ၊ အားမလိုအားမရကြီး ဖြစ်သွားပြီး၊လွှတ်ပြေးသော သုံ့ပန်းကလေးများကို၊ ဂျာမန်စစ်သားများ အရေးတကြီး၊ တဒိမ်တက်ဆင်းလိုက်ရှာနေကြောင်း၊ ဂျက်မှာ-ဂျာမန်စစ်သားများ

လက်မှလွတ်ပြေးလာရသော၊ ဘာလ်ဂျီယန်စစ်သား သို့ပန်းကလေးတဦး ဖြစ်၍၊ နယ်ခြားသို့မကူးနိုင်မီ၊ ဘက်ရဘာခ်းသီးကြွေတော့မည်ဖြစ်ကြောင်းများကို၊ ပူလောင် စိုးရိမ်ပွားပြောရှာလေတော့သည်။ မစ်ကာဘလ်လည်း၊ အတန်ကြာကြီးစဉ်းစားနေပြီး၏။ ၎င်းစိတ်ထဲမှ ဤဒုက္ခသည့်ကလေးဘေးလွတ်ရာဌာနသို့ ဘယ်ကဲ့သို့ ပို့ရပါမည်လဲဟူသောပြဿနာကြီးသာ၊ ဦးနှောက်တခုလုံး ပြည့်လျှံ နေလေ၏။ ထို့နောက်ကား၊ နှစ်ယောက်သားတိုင်ပင်ကာ၊ ဂျက်အားဒဏ်ရာများမပျောက်မီ၊ လုံခြုံရာတွင်ဝှက်ထား၍၊ ဒဏ်ရာများရှင်းရှင်းပျောက်သောအခါ ဘေးလွတ်ကင်းရာ-နယ်ခြားသို့၊ တနည်းနည်းအားဖြင့်ပို့ရန်ဆုံးဖြတ်ကြပြီး၊ နောက်ဆုံး အမယ်ကြီး မဒင်ရိပက်ကြိုးစားရှာဖွေခြင်းဖြင့်၊ မစ်ဘာဘလ်၏သူနာပြုဆေးရုံအောက်ဆုံးအပိုင်ရှိ၊ မြေတိုက် စတိုးခန်း တခုကို တွေ့ကြရာ၊ ထိုနေရာမှာ ထွက်ပြေးလာသော၊ သို့ပန်းသူနာများအတွက်၊ စိတ်အချရဆုံး နေရာတခုအဖြစ် ရွေးချယ်ကာ၊ လိုသောအသုံးအဆောင်များပြင်ဆင်ပြီး၊ ဂျက်အား ထိုမြေတိုက်စတိုးခန်းသို့ပြောင်းရွှေ့ဝှက်ထားလိုက်သေ၏။

ယင်းသို့ဂျက်ကိုပြောင်းရွှေ့ထား၍၊ များမကြာမီကလေးမှာပင်၊ ဂျာမန်စစ်သားများလည်း၊ ယခုနေ့ကထွက်ပြေးသွားသော သို့ပန်းရာဇဝတ်ကောင်လူနာများရှိလို-ရှိညားဆေးရုံလူနာခန်းများကို လာရောက်ကြည့်ရှုပြန်သွားကြပြီးလျှင်၊ မဒင်ရိပက်မှာ- ထက်မတင်ကဆေး

လွတ်ထွက်သွားသော၊ မိမိသား၏ကံကြမ္မာကို၊ ထက်ပျားပင်ခါမိရှာလေသတည်း။

× × × × ×

**မျိုးချစ်စိတ်။**

ရက်အနည်းငယ် ကြာသောအခါ၊ ဂျက်၏ဒဏ်ရာများ ကောင်းစွာ ပျောက်ကင်းသွားလေ၏။ ဤတွင်ရွှေ့ကား၊ ဂျက်ကိုနယ်ခြားသို့ရောက်အောင်ပို့ရန်အရေးကြီးလာပြန်တော့သည်။ မြစ်ကြောင်းတလျှောက်မှ၊ နယ်ခြားသို့အရောက် ခရီးအတော်ကြာ ရေစုံလိုက်၍သွားရန်မှာလည်း၊ များစွာမလွယ်ကူလှပေ၊ အခြားသော သဘောတွေ-ကူးတို့တွေကို စီးရမည်ကလည်း၊ ဂျာမန်စစ်သားတွေလက်ရမ်းမလွတ် ပေါ်များလှသောကြောင့်၊ သူခိုးဂိုးရာဝန်ထုပ်ဝန်ပိုးနှင့်-ဒို့သည်နှင့်သာ တူလေတော့မည်၊ မစ်ကာဗဇ်နှင့်-မဒင်ရိုပက်တို့မှာ၊ ကြံရာမရတဲ့စိတ်ရှုပ်နေကြရာမှ နောက်ဆုံးတွင်မိမိတို့နှင့် စိတ်တူသဘောတူမိတ်ဆွေမကြီးဖြစ်သူ-ကြက်ခြေနီ အသင်းသူတယောက်၏ခင်ပွန်းဖြစ်သော၊ လှေသူကြီးတဦးအားသွား၍သတိရကြလေ၏။ သတိရလျှင်ပင်အဘိုးကြီးကို သွား၍နှိုးကြလေရာ၊ အဘိုးကြီးမှာ၊ ဟာ-မလုပ်ပါရစေနှင့်ဗျာ၊ ဂျာမန်စစ်သားတွေဟာ- သိပ်ကြောက်စရာကောင်းတာဘဲ၊ ခင်ဗျားတို့ကလဲ ကိုယ့်ဟာကိုယ် အေးအေးမနေ

ကြတဲ့နဲ့၊ ခုလိုရှုပ်နေကြရင်၊ တနေ့ချာမန်စစ်သားတွေ ရဲ့သေနတ်ဖျားမှာ၊ ကားယားကလေး သေနေကြပါလိမ့် မယ်-ဟုမြည်တွန် တောက်တီး-ခါးခါးသီးသီးငြင်း၍နေ လေရာ။ မစ်ကာဗလ်တို့မှာကြီးရာမရ လက်မှိုင်ချ၍နေ ရတော့မည်ကဲ့သို့ရှိစဉ်၊မစ်ကာဗလ်၏ခေါင်းထည်းတွင် အကြံကောင်း ကလေးတခုပြေးဝင်လာလေ၏။ထိုအကြံ ကားအခြားမဟုတ်၊"ပြောပါမျှား၊မယားစကားအောင်" ဆိုသော စကားပုံကလေးတခုဖြစ်လေရာ၊ ခေါင်းမာနေ သောလှေသူကြီးကိုပြောမရအဆုံးတွင်၊ မိမိတို့နှင့်ခင်မင် ရင်းနှီးသော လှေသူကြီးကတော်ကို ကပ်၍နားပူရန်ပင် ဖြစ်လေ၏။

ထိုအကြံအတိုင်းလည်း၊ အထမြောက် ပေသည်။ မယားတချက် ငေါက်လျှင်-နှစ်ရက်လောက် ဖျားနေကျ ဖြစ်သော လှေသူကြီး-ဦးဖွေခေါင်းမာသည်၊ ဂျက်ကထေး ကိုလုံခြုံစွာ စောင့်ရှောက်လျက်၊ ရက်အနည်းငယ်အ တွင်း ဘေးလွတ်ကင်းရာ နယ်ခြားအရပ်သို့ချောမောစွာ ဆောင်ကျဉ်းသွားရှာလေတော့သတည်း။

မစ်ကာဗလ်သည်၊ ထိုနေ့မှအစပြု၍၊ ကိုးကွယ်ရာမ ရ-ရန်သူ၏သေနတ်ပြောင်းဝနှင့် အသက်လိပ်ပြာနီးကပ် ရှာရှာသော၊ ခုက္ခသယ်ကလေးဂျက်ကို၊ ချေးဦးပေါက် အောင်မြင်စွာ၊ကယ်တင်စောင်မလိုက်ရသည်ကစ၍၊မိမိ ၏အောင်မြင်မှုကိုဝမ်းမြောက်နှစ်သိမ့်မဆုံး-တပြုံးပြုံးပီ

တိဖြစ်၍နေမိရှာပေ၏။ တဖန်လည်း ချက်နှင့်အလားတူ ဂျာမန်တို့လက်တွင်းတွင်၊ သုံ့ပန်းစာရင်းဝင်နေရှာသူများ ၏ခံစားရသော ဒုက္ခအမျိုးမျိုးများကိုလည်း၊ ချက်ထံမှ ကြားသိထားလိုက်ရသောကြောင့်၊ စားကောင်းခြင်းမ စားရ၊ အိပ်ကောင်းခြင်းမအိပ်ရရှာသည့် ဒုက္ခသည်များ အား၊ တရေးရေးမြင်ယောင်ကာ၊ သနားကြင်နာ၍မဆုံး နိုင်အောင်ရှိနေရှာခဲ့၏။

ကျွန်တော်တို့လိုသုံ့ပန်းအဖြစ်နဲ့ အဘမ်းခံနေရတဲ့လူ တွေလဲ- မနဲဘူး ကျနော်ရစ်သေးတယ် အန်တိရဲ့။ ဂျာမန် တွေဟာအစကာဒါလောက် ရိုင်းစိုင်းကြမ်းထမ်းလိမ့်မယ် လို့မထင်မိဘူး။ အခုလို နှပ်းတွေနူးတွေ-တော့တော့ ဆိုင် ဆိုင်တွေ့ရတော့မှ၊ အထင်ထက်အမြင်က ပိုပြီးကြောက် စရာကောင်းပါကလားလို့ ကြက်သီးများ ထမိပါတယ်၊ ဘယ်လိုရက်စက်တယ်ဆိုတာအကုန်မပြောပါရစေနဲ့၊ ကျွန်တော့်ဉာဏ်နဲ့လဲ ပြောလို့မမှီပါဘူး အန်တီရယ်။ ကျွန်တော်တို့လို သုံ့ပန်း စစ်သားတွေဟာ-လူငါးဆယ် တရာဆိုသလို-တစုစီတစုစီခွဲပြီး အချုပ်ထဲမှာချထားတဲ့ နောက်၊ ယုတ်စွအဆုံးခေါကိုမှသောက်လိုဘိုင်းမသောက်ရ ပါ၊ အစားအစာဆိုဘာလဲနေ့စဉ် အချိန်မှန်မကျွေးပါဘူး၊ တခါတခါတရက်ခြားလောက်မှတခါကျွေးတယ်။ကျွေးပြန် တော့လဲလူမစားချင်လို့လွှင့်ပစ်ထားတဲ့ ပေါင်မုန့်အခြောက် ကလနားသားအပဲ့များကို ညစ်ပတ်ပေကျံနေတဲ့ ပုဂံထဲ မှာ ထည့်ထားတဲ့ကာဖီခြေကြဲနဲ့ အတူလာပေးတယ်၊

ပေးဒါကလဲ ဘယ်လောက် ယဉ်ကျေးသလဲ ဆိုရင်၊ ပေါင်မုန့်ခြောက်နဲ့ မဒ္ဒမကမ်းဖြစ်နေတဲ့ လူများကို၊ သူတို့ရဲ့ ရှု နှံ့အလိမ်းလိမ်းကပ်တဲ့ ဘိနပ်ဦးကြီးနဲ့ တော့ပြီး ရှေ့တိုးပေးပါတယ်၊ အစာမရှိရင် သေရတော့မလို ဖြစ်နေရှာတဲ့ လူတွေမို့ နောက်ဆုံးပိတ် မြေကြီးခဲကို တောင်မှ ကောက်စားရဘော့မဲ့ အခြေအနေ ရောက်နေတဲ့ ခမြာများမှာ၊ မနေနိုင်ရှာလို့ ယူပြီးစားကြရတယ်။ ဒါတောင်ဘဲ– သူတို့မျက်စိထဲမှာ စပါးမွေး ရူးလာတဲ့ လူများဆိုရင်၊ စားနေရာက ဇွတ်လှယူပြီးလွှင့်ပစ်လိုက်တယ်၊ ပစ်ပ်နားရောက်ခါနီးမှာ၊ လိုက် မကောက် နိုင်အောင် ပုတ်ချလိုက်တဲ့ ပေါင်မုန့်ခြောက်ကလေးကိုတဲ၊ ဝေးသထက်ဝေးအောင်၊ ဘော့လုံးအဖြစ်နဲ့ ကန်ပစ်လိုက်သေးတယ် အန်တိရဲ့၊ နေရထိုင်ရတဲ့အခန်း ကလဲ၊ ဘယ်လောက် ဆင်းရဲသလဲဆိုရင်၊ လေကောင်းလေသန့်မဝင်နိုင်ဘဲ၊ မှောင်မဲမိုထိုင်းနေတဲ့ အခန်းထဲမှာ ကောက်ရိုးဆွေးနဲ့ ချက်ခြောက်တွေခင်းပြီး၊ ကိုယ့်လက်မောင်းကိုယ် ခေါင်းအုံးအိပ်ရတယ်၊အို-ဒါတွေပြောနေရင်မကုန်နိုင်ပါဘူးသေ၊ ကျွန်တော်လဲ ဒိုလိုဘဲအညွှင်းဆဲ အနှိပ်စက်ခံနေခဲ့ရတယ်၊ ကျွန်တော့်လို ခံနေရစ်ခဲ့ရတဲ့-အင်္ဂလိပ်စစ်သားတွေ- ဘယ်ဂျီယံတွေ၊ ရုရှားတွေ ပြင်သစ်တွေလဲမနဲဘူး၊ ဟိုထဲမှာ နေရဒါထက် ထွက်ပြေးလို့လွတ်ရင်လဲလွတ်၊ မလွတ်လို့ သေနတ်ပျောင်းဝ အသက်ပျောက်ရလဲ၊ ဝန်ဘူတ်ထားဘဲဆိုပြီး

သစ်ပေါက်တွေဒါနဲ့ တပြိုင်ထဲ ပွင့်ထွက်ပြေးကြဲဒါဘဲ။ တချို့လဲသေ-တချို့လဲဒဏ်ရာဒဏ်ချက်နဲ့ သူတို့လက်ထဲပြန်မိသွားကြရှာတယ်၊ တချို့လဲ ကျွန်တော့်လိုဘဲ ဒဏ်ရာ အနာတွေနဲ့ လွတ်လာရှာကြမှာဘဲ၊ ဒါပေမဲ့ အန်တီတို့လို ကယ်ဆယ်ထားတဲ့လူနဲ့မတွေ့ရင်၊သူတို့ထောင်ချောက်ထဲပြန်ဝင်ကြရရှာမှာဘဲ၊ ဟူသောစကားများကို အထပ်ထပ်ကြားယောင်ကာ၊ ထိုဒုက္ခသယ်တို့အား၊ကူညီကယ်ဆယ်လိုသော စိတ်များအပြင်းအထန်ထို့ဆော်လာပြန်သည်နှင့်၊ နေ့ဝံဆုံးတွင်၊ ဂျက်အားတွက်အသုံးပြုခဲ့သော မြေတိုက် စတိုးခန်းကို အားထားအခြေပြုကာ၊ ဂျာမန်တို့ထက်မှ လွတ်ထွက်လာသော သုံ့ပန်းလူနာများကို လျှို့ဝှက် သယ်ယူကုသ၍၊ ကျန်းမာလာသောအခါ၊ ၎င်းတို့အားလွတ်ကင်းရာဖြစ်သော နယ်ခြားသို့ ဖောသူကြီး အကူအညီ အားဖြင့် လျှို့ဝှက်စွာ ပို့ဆောင်ခဲ့လေရာ၊ထိုအလုပ်တွင် မစ်ကာဗလ်၏ မိတ်ဆွေရင်း-မဒင်ရိုပက်နှင့် ဖောသူ ကြီး၏ ဇနီး တို့ မှာ၊ မစ်ကာဗလ်အားအမြဲတမ်း၊ အကူအညီ ပေးလာ ခဲ့ကြပေ၏။

ယင်းသို့မစ်ကာဗလ်သည်၊ ခိုကိုးရာမဲ့ ဝေဒနာသည် ဒုက္ခသည်တို့ကို လျှို့ဝှက်စွာ ကူညီ ကယ်ဆယ်လာခဲ့သည်မှာ အတန်ကြာခဲ့လေပြီ၊ ဂျာမန်စစ်ဘက် ဆိုင်ရာတို့သည်၊ မိမိတို့ဖမ်းဆီးထားသော သုံ့ပန်းများ လက်လွတ်ထွက်ပြေးတိုင်းလိုလို အစပျောက် ပျောက်သွား

ခြင်းအတွက်၊ အတော်ပင်အခံရခက်နေကြလေသေး၏၊ တခါဖြေးဘိုင်း-ဘာဒ်အိမ်တက်ဆောင်း တမြို့လုံးဒိုက်စိပ်တိုက်သလို-လိုက်ရသည့်အသည်း၊ အနေ ၁ လမ်းကြို-လမ်းကြား သစ်ပင်ကြို သစ်ပင်ကြားတို့အတွင်ထည်း၊ သစ်ခွက်အချပ် ဆယ်ထပ်လှန်ကာ၊ ဖန်ခါခါရှာကြံရသည့်ထည်း၊ အကြိမ်ကြိမ်အဖန်ဖန်ရှိလာလေရာ၊ ထွက်ပြေးသမျှသော သုံ့ပန်းများမှာ၊ ဘရပ်ဆဲလ်မြို့တွင်းရောက်လျှင်၊ ကိုယ်ပျောက်သွားသလို အစပျောက်သွားပေါင်း များသည့်ထက်များလေလျှင်၊ စစ်ဘက်ဆိုင်ရာတို့သည်။ မစ်ကာဗဲလ်ကို မသင်္ကာစပြုလာလေ၏။ ဒီမိန်းမကြီးဟာ အင်္ဂလိပ်လူမျိုးလဲဖြစ်တယ်၊ ဒီကိစ္စမှာ ဗော့နဲ့ သူ့လက်ချက်တွေနဲ့တူဒါတဲ၊ သူ့ဆေးရုံကို ဂရုစိုက်ပြီးစောင့်ရှာမှ ဖြစ်လိမ့်မယ်ဟုတိုင်ပင်ကြပြီး၊ မစ်ကာဗဲလ်၏ဆေးရုံသို့ စစ်ဘက်အရာရှိကြီးများ ယာရောက်မွှေနှောက် ရှာဖွေကြလေ၏။ သို့ရာတွင် ရိုးရိုးသူနာများနှင့် မိမိတို့ ဂျာမန်စစ်တပ်မှ စစ်သားလူနာများမှတပါး၊ ၎င်းတို့အလိုရှိသော အကောင်အသည်များကို ဘယ်အခါမျှ တွေ့မသွားရပေ၊ မြေတိုက်စတိုးခန်းမှာ၊ ဆေးရုံအခန်းများနှင့်အကူးအသန်းအဆက်အသွယ်ဖြတ်ထားလျက်၊ ကျိုးပျက်သော တံခါးကားဘားကိုပင်၊ ဆေးပုလင်းများထည့်ထားသည့်၊ ကြီးမားသောဗီဒိုကြီးတခုနှင့် ပိတ်ဆို့ထားသော ကြောင့်၊ များစွာလုံခြုံလျက်ရှိလေသည်။

မစ်ကာဗဲလ်ထည်း၊ မိမိအား စစ်ဘက် အရာရှိများ၊

သင်္ကာမကောင်းဖြစ်နေကြသည်ကို ရိပ်မိလေသည်။ သို့ရာတွင် မကြောက်မရွံ့ နောက်မတွန့်သောစိတ်နှင့် ဒုက္ခသည်များကိုကြိတ်၍လက်ခံမြဲလက်ခံခဲ့လေသည်၊ စိုးရိမ်သောက မအေးသောစိတ်ထားနှင့်မည်သည့်ဒုက္ခသည်တဦးတယောက်ကိုမျှ မပယ်ခဲ့ဘူးချေ။ ရန်သူ-မိတ်ဆွေ သူ့အမျိုး၊ငါ့အမျိုး မခွဲခြား၊ လောလောလင်လင် ဒုက္ခခံစားနေရသော ခိုကိုးရာမဲ့ ဒုက္ခသည် မှန်သမျှ အား၊ သနားကျင်နာစွာပြုစုကုသခြင်း၊ ၎င်းတို့ ဘေးလွတ်ကင်းရာပို့ဆောင် ပေးခြင်းသည်၊ လူ့ နတ် သာရာ ခေါ်သော၊ တရားသောအလုပ်ဖြစ်သည်ဟု၊ ယုံကြည်ခဲ့သူဖြစ်သည့်အတိုင်း။ မိမိအား ချာမန်စစ်အရာရှိတွေပိုင်း၍မသင်္ကာနေသည်တိုင်အောင်၊ တုံ့လှုပ်ခြင်းမရှိဘဲ၊ ရှေ့ခြေမပျက်မှုမှန်မှန်ကြီးခရီးသွားလျက်ရှိလေ၏။

\+ \+ \+ \+ \+

**သနားတတ်သူ။**

ထိုသို့ချာမန်စစ်ဘက် အရာရှိတို့က၊ မစ်ကာဗဲလ်၏ခြေလှမ်းကို၊ အမြဲတန်း အကဲခပ်နေစဉ် အတောအတွင်းမှာပင်၊ ချာမန်နယ်ခြား ကင်းထောက် အရာရှိများ ထံမှ၊ ဘရပ်ဆဲလ်မြို့၊ ချာမန်စစ်ဘက်ဆိုင်ရာသို့၊ အတွင်းစာ တစောင် ရောက်လာလေ၏၊ ထိုစာ၏ အဓိပ္ပါယ်အချုပ်ကား၊ ဘရပ်ဆဲလ်မှ မကြာခဏထွက်ပြေး ပျောက်ဆုံး

သွားသောလူများ၊ နယ်ခြားတွင် မကြာခဏတွေ့မြင်ရ ကြောင်း၊ သို့အတွက် နယ်ခြားထွက်ပေါက်မှစောင့်ဘမ်း ရန်နှင့်၊ ဘရပ်ဆဲလ်မြို့ပေါ်တွင် ထွက်ပြေးသော သူ့ပန်း များကို၊ ထက်ခံကူညီထားသော လူများကိုလည်း၊ ထင် ထျှားအောင်စုံစမ်းသင့်ကြောင်းများဖြစ်လေရာ၊ ဂျာမန်စစ် ဘက်အရာရှိတို့မှာ၊ အရေးတကြီး စီမံပိုင်းခြင်းကြရလေ တော့၏။

ထိုသို့နယ်ခြားတွင်သွား၍စောင့်နေစေသောအခါ၊ တ နေ့တွင်မစ်ကာဗလ်ကယ်ဆယ်စောင့်ရှောက်လွှတ်လိုက် သောလူတယောက်ကို၊ တွင်ကထစ်မြို့မှာသွား၍မိထား ကြလေ၏၊ ထိုသူအား၊ မည်ကဲ့သို့လွတ်ထွက်လာကြောင်း ကိုပြောရမည်၊ မပြောလျှင် သတ်ပစ်မည်ဟုချိမ်းခြောက် ကြခြင်းအတွက်၊ မိမိအသက်နှင့်၊ မစ်ကာဗလ်၏လျှို့ဝှက် သောမြေတိုက်ခန်းအကြောင်းကို လဲလှယ် လိုက်ရလေ ၏။ ထိုသတင်းသည်၊ ဘရပ်ဆဲလ်မြို့ရှိဂျာမန်စစ်အရာ ကြီးများထံသို့ရောက်လာလေသည်၊ မစ်ကာဗလ်၏ဆေး ရုံအောက်မြေတိုက်ခန်းမှာ၊ စစ်ဘေးမှထွက်ပြေးလာသော ရာဇဝတ်ကောင်များကို၊ အမြဲလက်ခံပြုစုလျက်၊ နယ် ခြားသို့လျှို့ဝှက်စွာပို့ပေးနေကြောင်းလုံးဝအခုင်ရသိသွား ကြလေပြီ၊ ထို အခိုက် အတန့် မှာ ပင်၊ တညသ၌၊ ဘရင်ဆဲလ်မြို့ ဆင်ခြေဖုံးအရပ်ရှိကွင်းစပ်ကလေးတွင်၊ လေယာဉ်ပျံတစင်း ပျက်ကျလေသည်၊ လေယာဉ်ပျံ မှာ၊ အင်္ဂလိပ်လေယာဉ်ပျံ ဖြစ်သောကြောင့်၊ လေယာဉ်

ပျံမောင်းသမားကိုမတွေ့ခဲ့ဘဲ၊ မီးလောင်ကျွမ်းပြီးသော စာရွက်စာတမ်းများနှင့်၊ သွေးစသွေးနများ ကိုသာတွေ့ ရလေသည်။ ဂျပန်စစ်အရာရှိများသည်၊ လေယာဉ်ပျံသမားကို အသေရရ-အရှင်ရရ တွေ့အောင်ရှာရမည့် တာဝန်ကျသောလေ၏၊ထိုတာဝန်ကိုထမ်းလာရသူကား။ မျိုမြစ်နုနယ်ငယ်ရွယ်သော ဂျပန်စစ်ဗိုလ်မှူးကလေး တဦးဖြစ်လေ၏၊ ထိုလေယာဉ်ပျံ သမားကို အနီး အနားတွင်အနှံ့ အပြားလိုက်ရှာသော်လည်း မတွေ့ရချေ၊ မြို့တွင်းစစ်အရာရှိအချို့ထံမှ ခင်စောစောအချိန်က၊ သူနာပြုဆရာမကြီး မစ်ကာဗလ်သည်၊အပြင်းအထန် ဖျားနေသောသူနာတဦးကိုသယ်ယူရန်ဟုဆိုကာ၊ အမ်ဗြူလင့်ခေါ် လူနာတင်မော်တော်ကားတစီးကို၊ အမြန်ထုတ်ယူသွားပြီး၊ အဝတ်ခြုံထားသော လူနာတဦးကို အတော်ဝေးဝေးမှတင်ယူလာကြောင်း ကြားသိရလေလျှင်၊စစ်ဗိုလ်မှူးကလေးသည်၊မိမိဝတ္တရားအတိုင်း၊ မစ်ကာဗလ်၏ဆေးရုံသို့အလျင်အမြန်လိုက်လာလေ၏၊ ငါတော့-ဒီမိန်းမကြီးကို၊ လက်ပူးထက်ကြပ်သက်သေခံပစ္စည်းနဲ့ တကွဖမ်းသို့မိလိုက်ရင်၊ အပွဲဘဲဟုတွေးတောပြီး၊ တံဆိပ်ဘွဲ့ဘယာက်တွေကိုပင် မြင်ယောင် နေပေသေးသည်၊ ထပန်လည်းမိမိအလုပ်ပိုလှုပ်ပြီအထင်နှင့် အင်မတန်ဟန်ကောင်းနေသောမစ်ကာဗလ်သည်၊ လက်ပူး ထက်ကြပ်ဖမ်းဆီးလိုက်သောအခါ၊ မည်မျှ ထိတ်သန့် တုန်လှုပ်သွားမည်နည်း၊ ဤမိန်းမကြီးရုပ်မြင်တွေ့ဟန်တွေ့ရှေးက

လိုလုပ်နိုင်ပြီးမည့်လားဟုစဉ်းစားပြီး။ပေါ့ပါးသွက်လက် စွာရောက်လာလေ၏။

အချက်ထိပြီးသားဖြစ်သည့်အတိုင်း၊ လျှို့ဝှက်သော အခန်းကလေးထဲသို့၊ သွားကာနဲ့ဝင်သွားလေသည်။မစ် ကာဗလ်အားထိခိုက်သောဒဏ်ရာနှင့်။သွေးဖြာဖြာယိုစီး ပြီး သတိအလစ်ကြီးလစ်နေရှာသော၊ မိမိနှင့်အရွယ်တူ ပြေပြစ်ချောမောသော အင်္ဂလိပ် လူမျိုး သေကြွင်း စစ်သားကလေးအား၊ သူနာပြုဆရာမဘွဲ့ ဝတ္တရား အ တိုင်း၊ ယုယကြင်နာစွာဒဏ်ရာတို့ကို ဆေးကြောသုတ် သင်လျက်ရှိနေသည်ကို၊ ပက်ပင်းပါသွား၍ တွေ့မြင်ရ လေသည်။

ဂျာမန်စစ်ဗိုလ်မှူး ကလေးသည်၊ သူနာနှင့် ဆရာဝ ကြီးတို့အနီးတွင်၊ ရ ရပ်ခါခက်ထန်စွာကြည့်နေလေ၏။ မစ်ကာဗလ်သည်၊သူနာကို ဆေးထည့်ပြီးနှောင်နေရာမှ တချက် မော်ကြည့်လိုက်သျှင်၊ ဂျာမန် စစ် ဗိုလ်မှူး ကလေးကို တွေ့မြင်ရလေသည်။သို့ရာတွင်၊မစ်ကာဗလ် မှာ၊ တစုံတရာစကားမျှမပျက်ဘဲ၊ပကတိအမူအရာနှင့်ပင် သူနာကိုသာ ဝတ္တရားရှိသဘောက် ကိစ္စမပြီးမချင်း အ ထူးဂရုစိုက်၍ပြုစုလုပ်ကိုင်ပေးနေသည့်တွင်၊ ဂျာမန်စစ် ဗိုလ်ကလေးသည်၊ ရပ်ငေးကြည့်ရှုနေရာမှ၊ မိမိနှင့်အ ရွယ်တူဖြစ်သော သူနာကို ကြည့်ကာ၊ သနားကြင်နာ သောစိတ်ကောင်းကလေးတချက်ဝင်လာမိသော၏။ သူ့ ခမြာ ရန်သူတို့အလယ်တွင်၊ သွေးစက်လက် ဒဏ်ရာ

နှင့်၊ အားထားကိုးကွယ်ရာဟူ၍ မျှော်လင့်စရာမရှိရှာပါကလား။ ခုနေ ငါဖမ်းသွားလျှင်၊ မချိမဆန့် ဝေဒနာတန်းလန်းနှင့်ပင်၊ သေပန်း ပွင့်ရရှာမှာဘဲဟု တွေးမိ၏။ တဖန် ဆရာမကြီးမစ်ကာဗလ်ကိုကြည့်ရသည်မှာလည်း၊ သူ၏သူနာပြုအလုပ်ဝတ္တရားအတိုင်း ရောက်လာသမျှသူနာများကို၊ သနားကြင်နာတတ်သော စိတ်ရင်းကောင်းနှင့်၊ ကုသပြုစုနေခြင်းကို၊ ၎င်း၏ဖြောင့်မှန်သော မျက်လုံးအိမ်၏ တည်ငြိမ်ခြင်းက သက်သေပြလျက်ရှိကြောင်း တွေ့မြင်ရပြီး၊ ဒီမိန်းမကြီးဟာ-သူ့လက် ထဲရောက်လာသမျှ သူနာမှန်ရင်၊ ကိုယ်ဘိရင်ဘိ သနားကြင်နာစွာပြုစုနေရှာတာဘဲ၊ သူ့လူမျိုး-ငါ့လူမျိုးရယ် လို့လဲ ခွဲခြားမထင်ပါဘူး၊ အယုတ်, အလတ်, အမြတ်မရွေး သူ့ဆေးရုံကိုအားထားပြီးရောက်လာသမျှကိုဖြင့်၊ သူ့ဝတ္တရားမထင်ဟင်းရအောင် ပြုစုနေရှာတာဘဲ၊ အများအားဖြင့်၊ သူဟာ-ရန်သူဖြစ်တဲ့ ငါတို့ဂျာမန်စစ်သားသူနာများကိုလဲ—သူ့ဝတ္တရား မချို့ယွင်းစေရဘဲ၊ ဝတ်ကြေ,တမ်းကြေလောက်ပြုစုသည်မဟုတ်ဘဲ၊ အမြဲ ပင်စေတနာကောင်းနှင့်ကိုယ်ဘိရင်ဘိအထူးဂရုတစိုက်ပြုစုခဲ့တယ်။ ယခုလဲပြုစုဆဲဘဲ၊ ဒီလို စိတ်ရင်းကောင်းနဲ့ ဒုက္ခသည်ကိုကယ်ဆယ်တတ်တဲ့ မိန်းမကောင်းကြီးတယောက်ကို၊ ငါမနှောင့်ယှက်လိုပါဘူးလေ-ဟု စိတ်ကူးပေါ်ကာ၊ မိမိတာဝန်ဝတ္တရားကိုမငဲ့ကွက်ဘဲ၊ အခန်းထဲမှ ချာကနဲလှည့်ထွက်သွားမိလေသည်။

ကံအားလျော်စွာ ဂျာမန်စစ်ဗိုလ်ကလေးစိတ်ကောင်း ဝင်ကာချမ်းသာပေးခဲ့ခြင်းသည်၊ ဒုက္ခသယ်လေကြောင်း စစ်တပ်သားကလေး၏ အသက်ကို ဆက်၍ ပေးလိုက် သည်နှင့်တူလေတော့သည်။ မစ်ကာဗလ်သည်၊ မိမိကို လက်ပူးလက်ကြပ်တွေ့သွားပါလျက်၊ ဖမ်းသားဆီးလား မလုပ်ဘဲ၊ အသာလှည့်ထွက်သွားသော ဂျာမန်စစ်ဗိုလ် ကလေးအား၊ မိမိသူနာအတွက်၊ များစွာကျေးဇူးတင် မိလေသည်။ သို့ရာတွင်၊ ထိုသူနာအားလွှတ်လပ်စွာထား ၍ကားမလျော်၊ ယခုစစ်ဗိုလ်ကလေး စိတ်ကောင်းဝင် သော်လည်း၊ နောက်လာမည့်စစ်အရာရှိတို့ကား၊ ကောင်း ချင်မှကောင်းမည်ဟုတွေးကာ၊ သူနာကို မိမိ လျှို့ဝှက် ထားသောအခန်းမှာပင် လုံခြုံစွာထားလျက်။ အားတက် သရောပြုစုစောင့်ရှောက်နေလေသည်၊

မစ်ကာဗလ်သည်၊ ထိုသူနာ လူငယ်ကလေးအား၊ မိမိ နှင့် မျိုးဘုံ,ရိုးတူဖြစ်သော၊ အင်္ဂလန်သားကလေး ဖြစ် သည့်အကြောင်း၊ ငယ်ပနုနယ် ငယ်ရွယ်ပျိုမြစ်သောအ ချိန်အရွယ်ကလေးမျှပင်ရှိသေးသော်လည်း၊ တိုင်းပြည် ကြီး၏တာဝန်ကိုအားသွန်ကာ ရွှန်းစားထမ်းဆောင်လာ ခဲ့ရသူဖြစ်သည့်အကြောင်း၊ မိမိနှင့်ဆိုလျှင်၊ သားက လေးအရွယ် တူသယ်ကလေးအလား၊ မျက်နှာမြင် ချစ် ခင်ပါစေ၊ အသံကြားသနားပါစေဆိုသော စကားပမာ။ အချစ်ဓါတ်ရစ်ပတ်ခါ၊ သံယောဇဉ်ငြိ၍လာမိရာသည်။

ထိုကြောင့်လည်း၊ သူနာလုလင်ပျိုကလေးအနားသို့ အား ထပ်ချိန်ရတိုင်း ယုယကြင်နာစွာပြုစုနေမိရှာလေ၏။

သူနာလုလင်ပျိုကလေးမှာ၊ ဂျာမန်တို့ ထက်နက် ဖြင့်၊ ဝေဟင်ယံမှ၊ လေယာဉ်ပျံ ဖျက်ကျပြီးနောက်၊ အရေးကြီးသောစာချုပ်စာတမ်းများကို၊ တဟုန်းဟုန်းတောက်လောင်နေသောခေတ်ဆီမီးတောက်အတွင်းသို့ ပစ်သွင်း၍ပြီး၊ မနီးမဝေးရှိတောစပ်ကလေးသို့၊ ထိခိုက် ပေါက်ပြဲ သွေးရဲရဲဒဏ်ရာတို့နှင့်၊ သွေးရူးသွေးတမ်း ပြေးရှောင်လာခဲ့ရင်းမှ၊ တောစပ်ကလေးအဝင်တွင် သတိလစ်ခါ၊ လဲကျသွားခဲ့သည်ကိုသာ အမှတ်ရခဲ့ပြီးနောက်။ ယုယကြင်နာစွာပြုစုစောင့်ရှောက်နေရှာသော သူနာပြု ဆရာမကြီးမစ်ကာဗလ်၏လက်တွင်းသို့ရောက်မှပင်သတိကောင်းစွာရလာသည်ဖြစ်ရာ၊ လုလင်ပျိုမှာလည်း၊ မစ်ကာဗလ်အား အမိလိုတသွယ်၊ အဒေါ်နှယ်တနည်း၊ ကျေးဇူးရှင်ကြီးလိုတမျိုး၊ ချစ်ခင်အားကိုးနေမိလေသည်။ အမျိုးတူချင်းချင်း၊ ရန်သူတို့နယ်တွင်းတွင်၊ မျက်စိသူငယ်နှင့် တွေ့ဆုံကြုံကြိုက်ရခြင်းကြောင့်လည်း၊ တဦးကိုတဦး အထူးချစ်ခင်သံယောဇဉ် တွယ်မိသကဲ့သို့ ရှိလေတော့သည်၊ မစ်ကာဗလ်သည်၊ လုလင်ပျိုအားနယ်ခြားအရောက် ပြေးပေါက်များကိုလည်း၊ တင်ကြို၍ပြောပြ ညွှန်ကြား ထားလေသည်၊ လုလင်ပျိုမှာ၊ မစ်ကာဗလ်၏စိတ်ရင်းစေတနာကို၊ အထူးချီးမွမ်းမိရှာသည်၊ သွေးရင်း-သားရင်း-မိခင်ရင်းလို၊ ကရုဏာမေတ္တာပိုမိသဖြင့်လည်း၊ မစ်ကာဗလ်

၏နေ့ခင်းရေးကိုတွေးပြီး၊ စိတ်မအေးနိုင် ရှာဘိ အလာ၊ မေမေ ကြီးရယ်-မေမေ ကြီးဟာ အင်္ဂလန်သူ ဖြစ်ပါလျက်၊ ရန်သူ့ တိုင်းပြည်မှာ။ မိန်းမသား တယောက်တည်း-ယခုလို စွန့်စွန့်စားစားကြီးနေ-နေတာ မတော် တဆ-တခုနဲ့ ဒုက္ခတွေ့ရမှာ မကြောက်ဘူးလားမေမေကြီးရယ်ဟု ကြင်နာစွာ မေးမိရှာလေသည်။မစ်ကာဗလ်သည်၊ လုင်ပျို၏ ကြောကလေးကိုသတ်၍၊ နဖူးကို ဖိဖိပါးနှင့်အပ်ခါ-မေမေ့ အတွက် မစိုးရိမ်ပါနဲ့ မောင်ရယ်။ မေမေဟာ တရားသဖြင့် မှန်ဒါလုပ်နေတဲ့သူပါ။ ဘာမှကြောက်စရာမရှိပါဘူး။တကယ်လို့ မောင်ပြောသလို ကိုယ့်ဇာတိအင်္ဂလန်ကိုပြန်နေခဲ့ရင် အခုလို ရန်သူ့တိုင်းပြည်မှာ၊ဒုက္ခရောက်နေရှာကြတဲ့ မောင်တို့လို အမျိုးသားချင်းတွေကိုဘယ်သူက ဂရုစိုက်ပြီး စွန့်စွန့်စားစားပြုစုစောက်ရှောက်နိုင်မှာလဲမောင်ရယ်၊ အင်္ဂလန်လိုမြို့ကြီးတွေမှာ၊ ပြုရမဲ့သူတွေ၊ စောင့်ရှောက်မဲ့သူတွေ ဒုနဲ့ဒေး ပေါ်နေပါတယ်။ အရေးကြီးဒါက၊ခုလိုခဲရာခဲဆစ်နှင့် ရန်သူ့စစ်တပ်ကြားထဲမှာ၊အားထားရာကင်းကွာနေရှာကြတဲ့ မောင်တို့လိုဒုက္ခသယ်သူနာများကို၊ အသက်ဆံဖျား စွန့်စားပြီးပြုရဘို့က တကယ်အရေးကြီးဒါကလား မောင်ရဲ့။ ခုနေမေမေ့ကို သူတို့သတ်ထိုးသေရရင်၊ မေမေ့တသက်ပေါ့။ မေမေ့အသက်တချောင်း စွန့်ရဒါ၊ ဘာအရေးကြီးသလဲ၊ တကဲ့အခက်အခဲထဲမှာ။ မေမေကယ်ဆယ်စောင့်ရှောက်ပြီး။ ဘေးကင်းရာရောက်အောင် ပို့လိုက်ရတဲ့ အသက်

တွေဟာ များလှပြီ။ အဲဒီအသက်တွေနဲ့ စာရင်း၊ မေမေ့အသက်တချောင်းစွန့်ရမှာ၊ ဘာ အ ရေး ကြီးတော့သလဲ မောင်ရဲ့ မေမေမကြောက်ပါဘူး။ အသက်နဲ့ ကိုယ်နဲ့ခြားသမှုအချိန်နာရီတွေမှာ၊မေမေ့ မျက်စေ့အောက် ရောက်လာတဲ့ ဒုက္ခသည်၊ဝေဒနာသည်မှန်ရင်၊ ရန်သူရယ် မိတ်ဆွေရယ် အတမ်းအစားမရွေးဘဲ၊ အမြဲ ကူညီ စောင့်ရှောက်မှာပါဘဲဟု ရဲရင့်တည်ကြည်သောမိန့်မအာဇာနည်တို့၏ မျက်နှာထားနှင့်၊ ပြောကြားလေသည် ဖြစ်ရာ၊ လုလင်ပျိုမှာ၊မစ်ကာဗလ်၏စိတ်ထားဖြောင့်မှန်ခြင်း၊ရဲရင့်တည်ကြည်စွာ၊စွန့်စားခြင်းစသော၊ ဂုဏ်ထူးပိသေသများကို၊များစွာချီးကျူးမိလေတော့သတည်း။

× × × × ×

## လူနံ့ရနေသောအမဲလိုက်ခွေးများ။

ဆင်ခြေရာကိုတွေ့လျှက်၊ ဆင်ကောင်ကြီးကို မတွေ့ရသော၊တောရဆိုးပမာ၊လေယာဉ်ပျံပျက်နှင့် သွေးစက်ကသက်သေခံနေသော၊ ဒဏ်ရာနှင့်လူနာကို မတွေ့ရသဖြင့် မအောကြသည့် ဂျာမန်စစ်သားတို့သည်၊ မစ်ကာဗလ်၏သူနာပြုဆေးရုံတည်းဟူသောဒုန်ရင်းသို့ပြန်ရောက်လာကြပြန်လေ၏၊ယခုအကြိမ်ရောက်လာသူများကား။သာခင်သာသောဒိုလ်မှူးကလေးလို၊ ကိုယ်ချင်းစာသနားမည့်သူများမဟုတ်။ တရားခံကို ကျားအုပ်-အုပ်၍ ဖမ်းမည့်လူကြမ်း

စစ်အရာရှိများသာမက၊ ဗျာမန်ပုလိပ်မင်းကြီး (Colonel Schultz) နှင့် ပုလိပ်အမှုထမ်းများလည်းအတူပါလာကြ လေသည်။

၎င်းတို့သည်၊မြေတိုက်အောက်ခန်းသို့ ဖြောင့်ဖြောင့်တမ်းတမ်း ဆင်းခဲ့ကြလေပြီး၊ ဆေးပုလင်း အပြည့်နှင့် ဘီယိုကြီးများကို ဖွင့်လှစ် ရှာဖွေ နေကြ လေ သည်။ မစ်ကာဗလ်ကား၊ မိမိကိုအမှုပတ်မည်ထက်အခန်းထည်းက လုင်ပျိုမိသွားမည်ကို အထူးစိုးရိမ်ဟန်သဖြင့်၊ ခြေးပေါက်ရစေရန်အချက်ပေးဘီအလား၊စစ်အရာရှိများအား အောက်ကျကျ စကားခပ်ကျယ်ကျယ် ပြောနေခြင်းဖြင့် မြေတိုက်အခန်းတွင်းရှိ လုသင်ပျိုအား၊ မောင်နောက်ဖေးပေါက်က မြန်မြန်ထွက်ပြေးသွားဟု- သွယ်ဝိုက်သော နည်းဖြင့် ပြောကြားနေရှာလေသည်။ပုလိပ်နှင့် စစ်အရာရှိများလည်း၊ မြေတိုက်ခန်းတဘက်အဝင် တံခါးကိုသာ အတန်ကြာ ကြိုးစားမင်းစား ရှာဖွေ နေပေတော့သည်။ ထိုနှင့် နောက်ဆုံးတလုံးသောဆေးဘီယို ကို ဖွင့်မိကြသောအခါတွင်မူကားလူနာများလျှိုဝှက်ထားရာဖြစ်သော မြေတိုက်ခန်းသို့ဝင်သောတံခါးကို ဘွားကနဲတွေ့ကြလေ၏။ မစ်ကာဗလ်ကား၊ လုင်ပျိုကိုဖိကုတ်ခေါ်လာကြလေမည်လားဟု အသဲယားယားနှင့်မှင်သက်မိပြီး ကြည့်နေမိရှာသည်။ထိုရာတွင်၊ အခန်းတွင်းသို့ ဝေါကနဲပြုံလိုက်ဝင်သွားကြသောစစ်အရာရှိနှင့် ပုလိပ်မင်းကြီးတို့မှာ၊ ဗလာသက်သက် လက်ချည်း ပြန်ထွက် လာကြမှ၊ လုင်ပျို

အသက်ဘေးပြေးနိုင်၍ လွတ်သွားရှာကြောင်း သိရှိကာ၊ မစ်ကာဗလ်မှာ၊ ကြိတ်၍ဝမ်းသာနေမိရှာလေ၏။

ငြုံးကနဲဝမ်းသာ-ဗျာကရောဝမ်းနည်းဆိုသလို၊ မစ်ကာဗလ်၏ဝမ်းသာမှု မှုမပြီးဆုံးသေးမီ၊ ဒိုင်းကနဲ ပြင်းထန်စွာ ပြည်ဟိန်းလိုက်သော၊ သေနတ်သံကြီး တချက်အပြင်ဘက် ဆီမှ၊ ကြားလိုက်ပြီးနောက် များမကြာမီ၊ ဂျာမန်စစ် သားနှစ်ယောက်သည်၊ ဒူးညွှတ်ဇက်ကျိုး သွေးအလိမ်းလိမ်းနှင့်၊ လင်ဖျိုအား၊ ချိုင်းတဘက်တချက်မှ တွဲမကာ ဒရွတ်တိုက်ဆွဲ၍၊ မြေတိုက်ခန်းထည်းသို့၊သွင်းလာသည် ကို၊တွေ့မြင်လိုက်ရလျှင်၊မစ်ကာဗလ်မှာ၊ရုတ်တရက်သော် မကြည့်ရက် မမြင်သာ၊ မျက်နှာကိုလက်နှင့် အုပ်ထား လိုက်မိရှာလေသည်။

ပုလိပ်မင်းကြီးနှင့် စစ်ဗိုလ်များလည်း၊ အောက်စောင့် စစ်သားများဆွဲလာသူအား၊ ဒံ့အားသင့်ကြည့်နေကြစဉ်၊ ဗိုလ်အကောင်ဟာ၊ မြေတိုက်ခန်းနောက်ဖေးပေါက်က၊ထွက် ပြေးလို့၊ မသင်္ကာဒါနဲ့ သေနတ်နဲ့၊ ပစ်ဖမ်းလိုက်တယ်။ ဟုဆိုကာ၊ သေနတ်ဒဏ်ရာကြောင့်ဒူးကျိုးလျက်၊ကျက် တကျက် ဒဏ်ရာဟောင်း များကလည်း၊ ခေါင်းတွင်စီး ထားသောပတ်တည်းကြားမှ၊ သွေးများစိမ့်ယိုကာ၊သတိ မရတချက် ရတချက်နှင့်၊ ဇက်ကျိုးပါလာသော လင်ဖျို အား၊တအားဇော့သို့တွန်းပို့လိုက်ရာ၊ လင်ဖျိုမှာအရုပ်ကြိုး ပြတ်လို စစ်အရာရှိများအနီးသို့၊ ဟတ်ထိုးလဲကျသွား လေ၏။

မကြည့်ရက်သည့်မစ်ကာဗလ်ကါး……သားသား……အာမယ်လေးသားရဲ့……ဟု ပြည်တမ်းကာ၊ လှုင်ပျိုကိုပြေး၍ဖက်ထားမိပြန်ရှာ၏။ စစ်ဒိုလ်နှင့်ပုလိပ်မင်းကြီးတို့သည်၊ မစ်ကာဗလ်အား ခက်ထန်၍မျက်မာန်ရှသောမျက်နှာကြီးများနှင့် ကြည့်နေကြလေ၏၊ ထိုအခိုက်စစ်သားတယောက်သည်၊ မစ်ကာဗင်ကို။ ကြမ်းတမ်းသော လက်ကြီးနှင့်၊ ပခုံးမှဆွဲယူလေရာ၊ မစ်ကာဗလ်မှာ လက်ဖွေ့တ်ဘဲဖက်ထားသော၊ လှုင်ပျို၏ပခုံးစွန်းကလေးကို၊ မိမိပါးနှင့်အပ်ခါမချိတင်ကဲ အသည်းကွဲမည်ကဲ့သို့၊ ဖြစ်နေရှာတော့သည်။

မောင်ရယ်…. မေမေကယ်ရကျိုး မနပ်ပါကလားဟု၊ ညည်းညူကာ မှောက်နေသောလှုင်ပျို၏မျက်နှာကို၊ လက်ကလေးနှစ်ဘက်နှင့်၊ ယုယစွာ ဆွဲလှဲ့ကြည့်မိလျှင်၊ လှုင်ပျိုမှာစစ်သားများတွန်းလိုက်စဉ်က၊ နဖူးနှင့်သံမ သလင်းဖြင်းစွာ ဆောင့်မိခြင်းဖြင့်၊ နဖူးကွဲပြီးသွေးရဲရဲစို၍၊ နေရှာသည်ကို ထပ်မံတွေ့ရပြန်လေ၏။ လှုင်ပျိုကား၊ ဆက်စါဆက်ခါခံစားရသော ဒဏ်ရာများနှင့်၊ နဂိုရ်ကအနာရှိန်များကြောင့်၊ သတိကောင်းစွာမရဘဲရှိရှာလေ၏။မစ်ကာဗလ်ကား၊ ကံဆိုးလှသော လှုင်ပျိုအား၊တင်းကြပ်စွာမြဲမြဲကြီးဖက်ထားခုမှ၊ ဒီဒုက္ခသယ်ကလေးကို၊ မဖမ်းကြပါနဲ့မောင်တို့ရယ်၊ အမေကြီး တောင်းပန်ပါတယ်….ဟု စစ်အရာရှိများကို၊ တောင်းပန်နေရှာသည်။ စစ်သားတယောက်သည်၊ ခွေ့ကိုးသာကာ"တယ် —ဒီအမယ်ကြီး

နှယ်……" ဟု ဆိုပြီးဖက်ထားသောလက်များကို၊ တအား ဆွဲ၍ခွာလေ၏။ ခွာမရလျှင်ဒေါပွလာလေသည်…. "ကိုင်း ခွေးတရိစ္ဆာန်မကြီး" ဟုဆိုကာ၊ မစ်ကာဗလ်၏ဆံပင်ကို၊ တအားကုန်ရဆွဲပြီး၊ တဘက်သို့ တွန်းလှဲပစ်လိုက်ရာ။ မစ်ကာဗလ်မှာ၊နားထင်နှင့် သံမံသလင်းနှင့်ရိုက်ခါ၊သေး စောင်းခွေခွေကလေးလဲသွားရှာလေ၏။

"မောင်ရယ်ဒီသူငယ်ကို၊ ချမ်းသာပေးပါဒါအမေကြီး သားကလေးပါ" ဟုလူးလဲထခါ၊ တောင်းပန်ရှာပြန်သည်၊ မစ်ကာဗလ်ကို၊ သိကျွမ်းပြီးသား ဖြစ်သော စစ်ဗိုလ်နှင့်။ ပုလိပ်မင်းကြီးသည်၊ စက်ဆုပ်ဘွယ်သော ပြုံးခြင်းဖြင့်၊ ပေါ့ပြုံးကြီးပြုံးကာ "ခင်ဗျားဘယ်တုံးကတိတ်တိတ်ပုံး မွေးထါးတဲ့သားလဲဟုအသဲကိုဖောက်နှင့်ထိုးလိုက်သလိုရိုက် ရိုင်းသောစကားလုံးကိုသုံးလိုက်ကြလေသည်။ မစ်ကာဗလ် သည်မိမိကိုရိုင်းပြစွာအ‌ပြောခံရသည်ထက်၊ လုင်ပျိုအား လွှတ်ကြောင်းကို၊ တောင်းပန်နေရှာပြန်သည် "အမေကြီး တူသားကလေးပါမောင်ရယ် မောင်တို့ရန်သူ မဟုတ်ပါ ဘူး" ဟု ပြောကာ၊လုင်ပျိုရှိရာသို့လာမည်ဟု အားယူခါ အထတွင် စစ်သားများကမသွားရန်၊ ဆွဲဆောင့်ထားဆီး ထားကြပြန်၏။

စစ်အရာရှိများသည်၊သွေးကွက်ထဲတွင်မျက်နှာသေား စောင်းလဲနေသော လုင်ပျို၏မျက်နှာကို၊ ဘွတ်ဘိနပ်ဦး နှင့်ကောဘ်ယူထိုးလှန်ကာ၊ ဝိုင်းကြည့်ကြပြီးမှ "ဟာခွေးမျိုး ဘဲ တရိစ္ဆာန်မကြီး၊ ဒို့ကိုတပါတ်ရိုက်အုံးမလို။ဘာခုမ

လဲ။ဒီအကောင်ဟိုနေ့ကလေယာဉ်ပျံနဲ့လာတဲ့အကောင်မှဖြေမဖြေဘူး။ အင်္ဂလိပ်အစစ်ကွ ဟောဒီနှာခေါင်းမျိုး၊ ဟောဒီမျက်နှာအချိုးမျိုးဟာ၊ ကျွန်တော်အင်္ဂလန်သွားအစစ်ပါဘဲလို့အမြဲသက်သေခံနေတာဘဲ’’ဟု သတိမရသောလုပ်မျိုကလေး၏ ဖြူဖွေးသော မျက်နှာပေါ်တွင်၊သွေးစီးနှင့်ရောကာ၊ ရှုပ်ထွေးပွေးရောင်းနေသော ဗိုလ်ကောစများကိုတိနပ်ဦးကြီးများနှင့်၊ တယောက်တလှည့် ကြမ်းတမ်းဖွန်ဖြောဖယ်ရှားကြည့်ပြီးပြောနေကြလေ၏။ မစ်ကာဗဲဆ်မှာဇာမျှမိုက်ရိုင်းစွာပြုမူနေကြသည်ကို၊မြိုသိပ်၍မထားနိုင်ရှာတော့ချေ။

မောင်တို့ သိပ်ရိုင်းစိုင်းတဲ့ လူတွေပါကလား။ သေလှုမြောပါးသတိလစ်နေတဲ့တဘက်သားကို၊ သနားမဖက်ဒါလောက်ရိုင်းစိုင်းရက်စက်ဘို့မဟုတ်ပါဘူး။ မောင်တို့မကျေနပ်လို့ အပြစ်ပေးချင်သပဆိုရင်၊ ဒီသူငယ် ကျန်းမာလာတဲ့အခါ၊ အပြစ်ပေးနိုင်ပါတယ်။ အခုအရေးကြီးဆုံးကာ၊သူ့ဒဏ်ရာတွေကို၊ ဈေးဦးစွာကုပေးရခဲ့ဝတ္တရားရှိတယ်မဟုတ်လား....ဟု မျက်နှာထား တင်းတင်းနှင့်ပြောလိုက်လေ၏။

စစ်အရာရှိများသည်၊ မစ်ကာဗဲလ်အား၊ စားတော့ဝါးတော့မလိုလှဲကြည့်လိုက်ကြသည်။ဘာလဲ ဒီကောင်မကြီးကာ၊ဟော့ရန်သူအားပေးတဲ့ဒရှိုမကြီးကို၊ ဖမ်းဘို့လာခဲ့ဒါမဟုတ်လား။ မင်းတို့ဘာငေးနေကြသလဲ။ဒီကောင်မကြီးဖမ်းပြီး ထောင်ထဲပို့ထား။ ဒီခွေးသားကိုလဲဆွဲခေါ်

သွားကြ။ ကောင်မကြီးနဲ့ အတူ ထောင်ထဲပို့လိုက်-ဟု အမိန့်ချလိုက်သောတခဏ၌၊ ဖြင်းထန်သောဒေါ်ရာနှင့် သတိလစ်နေရှာသောလင်ပျိုအား၊ ခွေးသေကောင်လာဒဆွဲ ထိအလား၊ဂျာမန်စစ်သားများ ဒရွတ်ဘိုက်ဆွဲခေါ်သွား ကြလေရာ၊မစ်ကာဗလ်မှာလည်း၊ မိမိအရေးထက်လင်ပျို ကလေးအတွက် သနားကရုဏာသက်လျက်နှင့်လိုက်ပါ သွားရှာလေသတည်း။

× × × × ×

**စစ်ကာဗလ်၏ဒုက္ခ။**

လူသားမရေဒသကချိုင်မည်၊ ကြွက်ကိုဖမ်းမရဘ၊ ကျီ ကိုပြာချတော့မည်ဟု၊ ဆေးသေ တွက်ကိန်းရိုက်၍လာ ကြသောလူများ ဖြစ်သည်အားလျော်စွာ၊ လျှို့ဝှက်သော မြေတိုက်ခန်းကို တွေ့ခြင်းအားဖြင့်ရင်း၊ တွင်ကာလစ်မြို့ တွင်၊ ဖမ်းမိသောလူက၊ သူ၏အသက်နှင့်လဲလှယ်ပေး လိုက်သော မစ်ကာဗလ်၏အတွင်းရေး တို့ကြောင့်ရင်း၊ အခန်းတွင်းဝယ်လက်သယ်တရားခံလင်ပျိုကို၊မမိသည် တိုင်အောင်လည်းမစ်ကာဗလ်အား၊၎င်းတခေါက်တွင်သေ ချာပေါက်ဘမ်းဆီးတော့မည်ဟု ပိုင်းဖြတ်ထားပြီးဖြစ်သ ဖြင့်၊ လင်ပျိုနှင့်တကွ၊ မစ်ကာဗလ်အား၊ ဖမ်း ဆီးချုပ် နှောင်၍၊ ထောင်သွင်း အကျဉ်းချထားလိုက်ကြတော့ သည်။ မစ်ကာဗလ်မကြောက်မရွံ့ နောက် မ တွန့်ဘဲ၊ ရဲရင့်တည်ကြည်စွာ၊ အဖမ်းခံလိုက်သော သဝင်းကား၊

သူ၏ ဆေးရုံဝင်းအတွင်းမှတဆင့်၊ တယောက်စကား တယောက်နားနှင့် တမြို့လုံးဂယက်ရိုက်၍ သွားလေ၏။

တမြို့လုံး၏ ချစ်ခင်မြတ်နိုးခြင်း ခံရသူဖြစ်သည်သာမက၊ ဂျာမန်စစ်ဘက် အရာရှိကြီးများ၏ ယုံမှတ်ခြင်းခံရသော ဆရာမကြီး 'မစ်ကာဗလ်အဖမ်းခံရသည်ဆိုသော သတင်းသည်၊ဘရပ်ဆဲလ်တမြို့လုံး အုံးအုံးဆူပွက်သွားစေ၏။ ထိုအခိုက်ထိုအခါက၊ဂျာမန်များကို ဖျားဖျားဝှန်အောင်၊ကြောက်နေရှာကြသည့်အထဲကပင်၊ ဒိမိန်းမကြီးကို၊ ဖမ်းဆီးဒါများတော့၊ နဲနဲမှမတရားပါဘူး-ဟုပစပ်ဖြားတွင် သီးနေအောင် ပြောကြလေသည်။ ဘရပ်ဆဲလ်တွင်မင်းမူနေသောဂျာမန်စစ်ဘုရင်ခံလည်း၊ ထိုကိစ္စကို၊ အရေးတကြီးဂရုစိုက်ရလေတော့သည်။ **Mr. Robson** ဆိုသော အမေရိကန်အတွင်းဝန်ကြီးမှုကား၊ မစ်ကာဗလ်ကဲ့သို့သော လူမျိုးမရွေး သနားကြင်နာတတ်သည့် မြင့်မြတ်ဖြောင့်မှန်သူတဦးကို၊ ယခုကဲ့သို့ ဖမ်းဆီးခြင်းမပြုထိုက်ဟု၊ အ တိုက် အခံ ခုခံကန့်ကွက်လျက်ရှိလေသတည်း။

မစ်ကာဗလ်သည်ထောင်အချုပ်ခန်းထဲသို့ဝင်မိသည့်အချိန်ကစ၍၊ လုပ်ပျိုကို၊မိမိရင်ခွင်ပေါ်တွင်ပိုက်ပွေ့ကာ သတိရအောင် တတ်အားသမျှ ကြိုးစားရှာလေသည်။ သူနာပြုဆရာမကြီးတဦးပင်ဖြစ်လင့်ကစား၊ ကရိယာတံဆာ ရုံလင်စွာမရှိရှာသဖြင့်၊ မေတ္တာဆေးနှင့်သာ ကုစ၍ပေးရ ရှာတော့သည်။ မိမိဝတ်ဆင်ထားသော၊ အင်္ကျီ

လက်ချားများကိုဆုပ်ဖြိကာသောက်စရာပေးထားသော သောက်ခရကလေးများနှင့်၊ ဒဏ်ရာမှ စိမ့်ယိုထွက်ကျနေသော သွေးစီးများကို၊ သုပ်သင်စီးနှောင်ပေးခဲ့ရှာသည်။ ဒူးဆစ်ကို ဖေါက်ထွက်သွားသော သေနတ်ဒဏ်ရာကိုလည်း၊ အဝတ်ရုပ်တခုကို အတွင်းခံပြုကာ၊ ကောက်ရိုးပင်များနှင့်သာ ဖြစ်ကတတ်ဆန်း စီးနှောင်ပေးထားခဲ့ရှာတော့၏။ မိမိရင်ခွင်ထက်တွင် ပိုက်ဖက်ထားသောသူငယ်၏နဖူးဆံစကလေးများကိုသပ်ခါ၊ အော်-ငါတောင်မှယခုလောက်သနားကရုဏာ သက်နေမိသေးဒါသူ့ မိဘများသာဆိုရင်၊ ပြောစရာရှိတော့မှာမဟုတ်ဘူးနော်၊ ငါ့ကယ်ဆယ်လိုက်သမျှလူတွေထဲမှာနင်ကလေးဟာ ကံအဆိုးဆုံးပါကလား၊ကွယ်ဟုညည်းညူပူဆွေးနေမိရှါလေ၏။

ယင်းသို့မစ်ကာဗလ်၏ မေတ္တာကရုဏာနှင့်ယုယစွာတတ်အားသမျှ ပြုစုပေးခြင်းဖြင့်၊ပြင်းထန်သော ဒဏ်ရာများအတွက်၊ သွေးစက်စက်နှင့် သတိလက်လွှတ်ဖြစ်နေသော လုလင်ပျို့မှာ၊များမကြာမီ သတိရလာရှာတော့သည်။

"လူကလေးမောင်ရေ-သတိရပြီလား—" ဟုနဖူးနှင့်ပါးကပ်၍ တိုးတိုးမေးမိရှာသည်။

"မေမေ-အခု ကျွန်တော်တို့ တောင်ထဲရောက်နေပြီနော်။မေမေကကျွန်တော့်အတွက်နဲ့ ကျေးဖူးရှင်မေမေပါ နုကျဖြစ်နေပါပေါ့လား-" ဟု ကိုက်ခဲနာကြင်လျက်ရှိသော ဒဏ်ရာကြောင့်၊ မသက်မသာ ဝေဒနာခံစားရင်းမှ၊ ခြြိုးညှင်းစွာအားယူ၍ပြောရှာလေ၏။ မစ်ကာဗလ်ကား၊ မိမိ

အတွက်အရေးမကြီးကြောင်း၊ လုင်ပျိုစိတ်ကောင်းအောင် ဖြောင်းဖျထားလေသည်။ သို့ရာတွင်၊ လုင်ပျို၏သေနတ်ဒဏ်ရာနှင့် သမံသလင်းနှင့်ပြင်းစွာဆောင့်မိသော နဖူးမှဒဏ်ရာတို့မှာ၊ ဆေးဝါးတစုံတရာ ထည့်သိပ်ကုသခွင့်မပေးဘဲ၊ ကျွဲနွားတိရစ္ဆာန်များအလား၊ ရက်စက်စွာဖြစ်ထားခြင်းဖြင့်၊ ဒဏ်ရာအနာများ ရင်းသည်ထက်ရင်းလာလေရာ၊ လုင်ပျိုမှာ၊ မချိမဆန့်ဝေဒနာခံစားရင်းပင်၊ အားအင် ဖြေ့ တော့ လာ ရှာ လေတော့သည်။ မစ် ကာ ဗလ်သည်၊ အချုပ်ခန်းဆိုင်ရာတို့အား၊ လူနာကိုပြုရကုသပေးရန်တောင်းပန်အသနားခံသော်လည်း၊ အချိုးနှိမ်းဖြစ်ခဲ့ရုံမက၊ ဒီကောင်ခသရဲ့အတူတူဘဲ၊ ခင်ဗျားကသဲမနေစမ်းပါနဲ့ဟု၊ ခဲ့ ခဲ့ ရွဲ့ ရွဲ့ လေးလေးပင်ပင်ပြောသူကပြောသွားပြီး၊ အချို့ကလည်း တငြိုးငြိုးဝေဒနာခံစားနေရသူအား၊ မသနားမညှာတာ ခြေထောက်ကြီးများနှင့်ကန်ကြောက်တွန်းဖယ်ကြည့်လျက်။ အို-အင်္ဂလိပ်သွေးဘဲ၊ ဒါလောက်ကလေးများ အသဲငယ်စရာမဟုတ်ပါဘူး-ဟုငေါ့တော့တော့ပြောကာ၊ ရယ်စရာတခုလုပ်၍ သွားကြလေသေးသည်။ လူမျိုးမရွေး အတမ်းအစားမရွေး၊ သူနာမှန်သမျှသနားကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့သူမစ်ကာဗလ်သည်၊ တောင်မင်းမြောက်မင်းမကယ်နိုင်ဆိုသလို၊ အကြင်နာဆုံး၊ အသနားဆုံးသော လုင်ပျိုကလေးအရေးတွင်မှ၊ လက်တိုင်ငါးချိုးမျက်ဖြစ်နေရှာလေ၏။ ယင်းသို့ ဒုက္ခဝေဒနာခံစားနေရှာကြစဉ်မှာပင်၊ လူသိရှင်ကြား ဟိုးလေးတ

ကြော်ဖြစ်နေသော မစ်ကာဗလ်၏အမှုကြီးမှာ၊ ရက်တို တိုနှင့်ပင်၊ တရားခွင်သို့ရောက်လာခဲ့လေ၏။ မစ်ကာဗလ် ကို ဘမ်းဆီးစဉ်အခါကပင်၊ အမျိုးမျိုး ကန့်ကွက်လာခဲ့ သော၊ အမေရိကံအဘွင်းဝန်ကြီးသည်း၊ တတ်အားသမျှ အကူအညီ ပေးရှာသည်တိုင်အောင်၊ ဂျာမန်စစ်အရာရှိ များ၏ပယောဂဖြင့်၊ ထိရောက်စွာမကူညီနိုင်သကဲ့သို့ရှိ လေတော့သည်။ ဂျာမန်ရုံးအမှုလိုက်အရာရှိသည်၊ ဂျာမန် ဗုလိပ်မင်းကြီး၊ ဂျာမန်စစ်အရာရှိစသော အမှုနှင့်အကြုံး ဝင်သမျှ၊ သက်သေများထံမှ၊ မစ်ကာဗလ်ဂျောက်ကျ မည့်ထွက်ချက်များကို၊ အားပါးတရ နှုက်ထုတ်ပေးလေ ၏။ရန်သူ့ဘုံအလယ်တွင်၊အားငယ်စရာကောင်းလှသော မစ်ကာဗလ်မှုကား။ရဲရင့်တည်ကြည်သောမျက်နှာနှင့်မိမိ သည် တရားသောစိတ်ထားဖြင့်၊ မျက်စိအောက် ရောက် လာသမျှသောဝေဒနာရှင် လူသတ္တဝါမှန်သမျှကို၊ ရန်သူ မိတ်ဆွေခွဲခြားခြင်းမရှိဘဲ၊သူနာပြုဆရာမပြီပြီ အမြဲတမ်း ကူညီစောင့်ရှောက်ခဲ့ကြောင်း။ ဂျာမန်လူမျိုး စစ်သား လူနာများကို။ သနားကြင်နာစွာ ပြုစုခဲ့သည့်အလားတူ၊ အင်္ဂလိပ်-ပြင်သစ်-ရုရှား-ဘယ်လဂျီယံစသော နိုင်ငံရေ မဲ့သူ၊သူနာချားကိုထည်း၊ သနားကြင်နာစွာ ပြုစုစောင့် ရှောက်၍၊ လိုရာခရီးသို့ ရောက်အောင်၊ လူပေါင်းနှစ်ရာ ကျော်မျှအကူအညီပေးခဲ့ပြီးဖြစ်ကြောင်းများကို(ငါတရား သဖြင့်လုပ်သောအလုပ်များသည်၊ လူကြိုက်-နတ်ကြိုက် ဘုရားကြိုက် အလုပ်များပေ)ဟု မဖုံး မဖိက်-မကွယ်

မထောင့်ဘဲ၊ တရားခွင်ပရိသတ်ထည်းတွင်၊ ရှင်းရှင်း ကြီးဖွင့်ချလိုက်လေတော့၏။

ဂျာမန်တရားသူကြီးသည် "တရားသဖြင့်" ဆိုသော စကားမှာ၊ ကမ္ဘာပေါ်တွင်ရှိသော အခြားလူမျိုးများနှင့်မ ဆိုင် ဂျာမန်လူမျိုးတဦးတည်းအတွက်သာမူပိုင်ထားသော စကားတမျိုးဟူ၍ အယူရှိလေသလားမသိ၊ မစ်ကာဗလ် အားစစ်ဥပဒေအရ၊ အသေသတ်စေဟူသော၊ သက်ညှာ သည့်စီရင်ချက်ကိုချလိုက်ရုံမက၊ မချိမဆန့်ဝေဒနာခံစား နေရသော လေးကြောင်း စစ်သား လုင်ပျိုအားသည်း၊ ဝေဒနာခံစားနေရသောဒုက္ခမှ မြန်မြန်ကျွတ်လွတ်စေရန်၊ ဂျာမန်လူမျိုးတို့၏ယဉ်ကျေးဆုံးသောစေတနာနှင့်သေရွာ သို့အမြန်သွားစေဟု အဆစ်ထည့်လိုက်ပြန်လေသတည်း။ ငရဲသားနှင့်တူသော ဂျာမန်စစ်သားတို့သည် တရေးခံ နှစ်ဦးအားဆွဲလွှဲခေါ်ဆောင်သွားကြလေသည်။ မောင်တို့ ရယ်-ဒီသူငယ်ဟာမောင်တို့မသတ်လဲ ဒီဝေဒနာနဲ့သေ ရမဲ့အတူ၊ သက်သက် သာသာနဲ့ဘဲ သေရှာပါစေ၊ အမေကြီးတယောက်ကိုသာသတ်ကြပါ။စင်စစ်အမေကြီး မှာသာ အပြစ်ရှိပါတယ်ဟု တောင်းပန်လျက်၊ လုင်ပျို အတွက် ကာကွယ် ရှာသေးသော်လည်းမစ်ကာဗလ်၏ ကာကွယ်မှုမှာအချီးနှီးမျှသာရှိလေတော့၏။

မစ်ကာဗလ်သည်၊မိမိ၏ဖြစ်ရမည့်အရေးကိုတွေး၍၊ မြင်ပြီးသား ဖြစ်သောကြောင့်၊ ဆိုးဝါးသော စီရင်ချက် အတွက်၊ တုန်လှုပ်ချောက်ခြားခြင်း မရှိလှတော့ပေ။မိမိ

ကယ်ဆယ်လိုက်ရဘူးသော၊ ဒုက္ခသယ်များ၏၊ လွတ်မြောက် ချမ်းသာသွားသော အသက်ပေါင်း များစွာကို နှိုင်းစာလျှင်။ မိမိအသက်ကလေးတခုချင်းနှင့် မလဲလှယ်နိုင်စရာအကြောင်းမရှိဟု ထင်မိလေသည်။ မိတ်ဆွေချစ် မဒင်ရီပက်၏ သားကလေးဂျက်ကို ချီးမြှောက် ကယ်ဆယ်လိုက်ရခြင်း။ နှစ်ရာကျော်မျှသောလူများကိုအောင်မြင်စွာ ကယ်ဆယ်ခဲ့ရင်းမှ၊ တူသားအရင်းကလေးပမာ၊ အလူးချစ်သနားမိရှာသော ကံဆိုးသည့် လေကြောင်းစစ်သားလုလင်ပျိုကလေးအရေးကို၊ နောက်ဆုံးထားချက်၊ မိမိအသက်ကိုအဆုံးခံရတော့မည်။ သေခါနီးအခါမှာ၊မိမိတရားသဖြင့်၊ လုပ်ခဲ့သမျှတို့အား၊ဘုရားသခင်သိတော်မူပါစေသားဟု၊ တညလုံး တိုင်တည် ထားမိရှာလေ၏။ ဂျက်အစရှိသော၊မစ်ကာဗလ် ကယ်ဆယ်လိုက်ဘူးသည့် နှစ် ရာ ကျော် မျှရှိသော အသက်သွေးခဲကလေးတို့သည်။ နက်ဖန်နံနက်နေဝန်းထွက်လျှင်၊ မိမိတို့ကျေးဇူးရှင်ကြီး၊ မစ်ကာဗလ်၊လူ့စည်းစိမ်ကိုစွန့်ခွာ၍ အသက်နှင့် ကိုယ်ခန္ဓာဒိုးစားကွဲရှာရတော့မည့် သတင်းဆိုးကြီးအား၊မည်သူမျှယုတ်တရက်ကြားသိရှာကြဲတော့မည်မဟုတ်ပေ။

× × × ×

**စစ်ရောင်ခြည်။**

နောက်တနေ့နေ့အာရုံကျင်း၍၊ အလင်းသို့ ရောက်ခဲလေပြီ။ဘရပ်ဆဲလ်တမြို့လုံးနှစ်လုံးမှသာဝမ်းနည်းကြေကွဲ

ရှာကြသောအထိမ်းအမှတ်ဖြင့်၊ တိတ်ဆိတ် ခြောက်ကပ် လျက်ရှိနေလေ၏။မစ်ကာဗလ်သည်တည်ငြိမ်သေါမျက်နှာ နှင့်အခါတ်နက်ကလေးခေါင်းတင်ကာ၊ ဂျာမန်စစ်သားများ အလည့်တွင်ပါလာလျက်၊ ဂျူပိုင်းနှစ်ဘက်ကို ကြမ်းတမ်း စွာတဲ့၍၊ ဒရွတ်တိုက် ဆွဲခေါ်သာသော လုင်ပျိုမှာလည်း နောက်ဆီမှ တပါတည်းပါလာလေသည်။ ရာဇဝတ်သား နှစ်ဦးအား အခွန်နံရံကိုမှီ၍၊ရပ်စေသည်ဖြစ်ရာ၊မစ်ကာဗလ် မှာ တည်ငြိမ်စွာရပ်နိုင်သော်လည်း၊ ဒဏ်ရာအမျိုးမျိုးနှင့် နုံးဆပ် ကျိုးနေရှာသော လုင်ပျိုမှာ၊ ရပ်တည်ခြင်းငှါ မစွမ်းနိုင်တဲ့၊ခေါင်းငိုက်ဆိုက်နှင့် ရှေ့သို့ခွေကာ၊ လဲကျ ရှာတော့သည်။မိမိတို့အလိုဆန္ဒတခုကိုသာ ကြည့်ရှုလေ့ ရှိသော၊ ဂျာမန်စစ်သားတို့ကား။ လုင်ပျိုအား ကောင်း ကောင်းရပ်မနေကောင်းလားဟုဆဲ့ဆိုကာ၊ ကြီးမားကြမ်း တမ်းသော လက်ဝါးကြီးများဖြင့် လုင်ပျို၏နားရင်းကို ခပ်ပြင်းပြင်းပိုင်းရိုက်ကြပြန်လျှင်၊ ငြင်ရချက် မသက်သာ သေါမစ်ကာဗလ်မှာ၊မောင်ရင်တို့ တရေးလွန်လှပါကလား မောင်တို့လက်ချက်နဲ့ ဒူးခေါင်းကျိုးထွက်နေတဲ့ လူဟာ ဘာသိမှာ ရင်နေနိုင်ရှာမလဲ၊ မသိသား ဆိုးဝါးလှပါက လား-ဟုလှမ်းပြောမိရှာလေသည်။

သော့-ဒီကောင်ရင်ကော့ငြိုးကောင်းကောင်းရပ်ပေးနိုင် အောင်၊ သူ့လက်ဝါးနှစ်ဘက်ကို လှန်စွတ်နဲ့ နံရံမှာ ထောက်ထားလိုက်ဟုသောဒိုလ်လုင်သူ၏၊ ဩဒါဘရပ် ပေါ်လာဖြန်သည်ဘွင်၊ မစ်ကာဗလ်ငြိမ်သက်စွာ မနေနိုင်

ရှာတော့ချေ။သေရဲ့ ဆဲဆဲမှာထင်ပြီးမညှင်းဆဲချင်ကြပါနဲ့ ကျုပ်ကိုယ်တိုင် ပွေ့ကိုင်ထားပါမယ် မောင်ရင်တို့ရယ်–ဟုပြောကာ၊ လင်မျိုကို တွဲလူဖက်တွယ်ထားရှာလေတော့၏။ အသေခံကြရမည့် အချိန်ကားနီးလေပြီ။ မစ်ကာဗလ်သည်၊မိမိနှစ်ပေါင်းများစွာ ပျော်မွေ့နေထိုင်လာခဲ့သည့် ဘရင်ဆဲလ်မြို့ကြီးကိုရင်း။ မိမိပိုင် သူနာပြုဆေးရုံကြီးနှင့်တကွ၊မိမိအားတမ်းတကျန်ရစ်ရှာကြမည့် မိမိပြုစုယုယနေကျဖြစ်သောသူနာများကိုရင်း။ အဆုံးစွန်နှုပ်ဆက်သော အထိမ်း အမှတ်ဖြင့် မျက်တောင်မခပ်ရှုးဖိုက် ရှုမျှော်ကြည့်မိရှာ လေသေးသည်။ ထိုနောက်တချိန်တည်း ပစ်ဖေါက်လိုက်သော သေနတ်သံများ ပေါ်လာပြီးသည့် တခဏ၌၊စောစောက မတ်တတ်ရပ်နေကြသော၊ မစ်ကာဗလ်နှင့် အသက်သုံ့ဆဲ့မျှသာ ရှိရှာသောလေကြောင်းစစ်သားလင်မျိုကလေးတို့မှာ၊ နှစ်ယောက်သား၊အလောင်းချင်းထပ်ခါလဲနေရှာကြသည်ကို၊ ယမ်းမီးခိုးများအကြားမှ ရေးရေးမျှသာမြင်ရလေ၏။

ထိုအချိန်တွင်၊ မစ်ကာဗလ် ပြုစုပြိုးထောင်ထားခဲ့ရှာသောဆေးရုံသူနာခန်းရှိ၊ဘရင်ဆဲလ်အရပ်သားသူနာများမှာ၊မိမိတို့အပေါ်တွင်၊မိခင်နှင့်မခြားသနားကျင်နာစွာပြုစုနေကြဖြစ်သော၊မစ်ကာဗလ်အတွက်၊ ဝမ်းနည်းပက်လက်နှင့်ငြိမ်သက်တိတ်ဆိတ်စွာဆုတောင်းမေတ္တာပို့နေကြစဉ်ဆေးရုံတဘက်ခန်းတွင်မစ်ကာဗလ်အခခဲ့ အထူး စပါယ်ရှယ်သီးသန့်ပြုစုထားသော၊ ဂျာမန်စစ်သားသူနာများမှာ၊

မှုကား။ မစ်ကာဗလ်အတွက်၊ အသက်ချွေ သေနတ်သံကြားရသည်ကိုပင်။ အရေးမထားဘဲ၊ တဟားဟားရယ်မောစားသောက်၍၊ တယောက်တယောက်၊ နေ့ခင်းပြောင်ကျိစား ပျော်အားသန်လျက်ရှိကြလေရာ၊ ဘရင်ဆဲလ်မြို့သားသူနာများမှာ၊ ဂျာမန်တို့၏ရက်စက်ချိုင်းပြသော စိတ်ထားကိုများစွာရှုံ့ချလိုသော်လည်း၊ သက်ပြင်းကြီးများရှူရှိုက်လိုက်ရသည်မှတပါး၊ အခြားနည်းနှင့် မတုံ့စားရှာကြဘဲ၊ ဘရပ်ဆဲလ်တမြို့လုံးလည်း၊ စစ်ရောင်ခြည်ဖုံးလွှမ်းအုပ်မိုးထားချိန်ဖြစ်သည့် အားလျော်စွာ၊ ငြိမ်သက်စွာကုပ်၍ မလှုပ်ဝံ့အောင် ကြောက်ရွံ့ နေရှာကြလေတော့သတည်း။

**မှတ်ချက်။** ။ဤသည်တို့ကား။ ၁၉၁၄-ခုနှစ်၊ ကိုင်ဇာဘုရင်စိုးမိုးသောခေတ်ဆီက၊ ဂျာမန်လူမျိုးတို့၏ ရှေးသမားရိုးကျ စိတ်နေစိတ်ထားလောက်မျှသာဖြစ်လေ ရာ။ ယခုအခါကဲ့သို့သော ကမ္ဘာကို၊ ဘာလောက်မျှ အရေးမထားဘဲ၊ တဇောက်ကန်းရမ်းကားနေသည့်၊ဖွတ် ချွတ်အာဏာရှင်-ဟာဟာစ်တလာတို့လို၊ လောဘကြီး သလောက်ဒေါသမီးဟုန်းဟုန်းတောက်နေသူတယောက် ၏လက်ထက်မျိုးမှာမူကားများစွာသောဂျာမန်များသည် ဆရာအားကိုးနှင့် မည်မျှဆိုးဝါးနေချိမ့်မည်နည်း။ ပိုလံ ပြည်ကလေးကို နောက်ဆုံးထား၍ရေတွက်ခါ၊ မိမိတို့ ဘာသာ လွတ်လပ်စွာ နေရှာကြသော တိုင်းငယ်ပြည် ငယ်ကလေးများအား၊ သိုးငယ်ကိုရန်ရှာသော ငံပုလွေ အလား၊ တရားမရှိဒါးမရှိ၊အဓိအာရဖမ်း၍၊ခပ်ကြမ်းကြမ်း ဆိမ်းပိုက်ခါ၊အဆီကိုစား၍အသားကိုမြှုပြီး။အရူအသည်း ကလီစာတို့ပါ စိတ်တိုင်းကျနှုပ်ခွါလျက်။ မြိန်မြိန်ရှက် ရှက် တကိုယ်ကောင်း ကျွပ်ကျွပ်ဝါး၍၊ မတရားသဖြင့် အရသာခံစားနေသည်ဖြစ်ရာ။ ၎င်း၏ရက်စက်ဆိုးဝါးမှု။ ငါကောင်းကြီးမှု၊ ဒဏ်ချက်တို့သည်၊ ကမ္ဘာပေါ်ရှိ တိုင်း ငယ်ပြည်မွှား လူမျိုးခြားတို့အဘို့ မဆိုထားနှင့်၊ ၎င်း၏ နာဇီဘက်တော်သားနှင့်၊ ရိုးရိုးဂျာမန်လူမျိုးများအဘို့ကို ပင်၊ မှုမှုတတမရှိဘဲ။မတရားညှင်းဆဲ သတ်ဖြတ်နေသေး သဖြင့်လည်း၊ဂျာမနီပြည်ကြီးမှာ၊လူမျိုးချင်းချင်း အတွင်း မီးမကြာမကြာထ၍ဆူကြပူကြတတ်သည့်အပြင်၊နဇီတို့

၏ဘုရား၊ ယာရအခါ၊ ဂျာမနီပြည်တဝှမ်း၌၊ မတရားတန်ခိုးကြီးနေသောနတ်ဆိုးကြီးတဦးနှင့်အလားတူနေသည့်၊ အာဏာရှင်ဟစ်တလာကိုပင်၊ တွေ့ရသောင်းကျန်း၊ ဒါးမခိုင်းလုပ်ကြံလိုသူတွေ ရှိနေကြသည်ကို ထောက်ထား၍၊ ဟစ်တလာ၏ နာဇီဒဏ်ချက်ကို၊ မျိုးချစ်စိတ်ထက်သန်ပါသည်ဆိုသောသူတို့၊ ဂျာမန်လူမျိုးချင်းချင်းကပင်၊ မခံမရပ်နိုင်အောင် ဖြစ်နေကြရသေးလျှင်၊ လွတ်လပ်ရေးကိုမျှော်တွေးတောင့်တနေကြသည့် အခြားသောလူမျိုးတို့အဘို့မှာကား၊ ကမ်းကုန်လမ်းကုန်ရက်စက် ဆိုးဝါးမည့်ကိုဖွေ ဂျာမန်အား၊ အသားစားသွေးစုပ်ဘီလူးကဲ့သို့၊ အထူးစက်ဆုပ်ရွံမုန်း၍ နှစ်လုံးအော့ဘွယ်ရာကြီး တရားပေဘကားဟု၊ အချိုးခိုက်အောင်စွဲမှတ်ထားရန်သာ ကောင်းလေတော့သတည်း၊

ဒဂုန်ခင်ခင်လေး။

---

ဒဂုန်—ခင်ခင်လေးရေးသော။

## ရွှေဇွန်ညိုဝထ္ထုရှည်ကြီးထွက်တော့မည်။

၁။ ကမ္ဘာ့ရန်သူ။
၂။ ။ကချေသည်၊
၃။ ။လေမုန်တိုင်း။

စသောဝတ္ထုတိုများဆက်လက်ထွက်ပါတော့မည်၊
အမြို့မြို့နဂါးနီကိုယ်စားလည်များထံတွင်ရမည်၊

# ကမ္ဘာ့နိုင်ငံရေးမြေပုံ။

## ၁၉၃၉-ခုဒီဇင်ဘာလထုတ်နဂါးနီ လက်ရွေးစဉ်စာအုပ်။

- ဗမာပြည်တွင်၊မပေါ်ဘူးသေးသော၊စာအုပ်ကြီးဖြစ်ပါသည်။
- ကမ္ဘာ့နိုင်ငံရေးကို၊ဗမာများလွယ်လွယ်နှင့်ရှင်းရှင်းသိနိုင်စိမ့်သောငှါ၊မြေပုံပေါင်း ၄၂-ခုနှင့်၊ကမ္ဘာကျော်စာတအုပ်ကိုမှီး၍၊ သခင်လှဖေရေးသါးထါးသည်။ကိုဘဟိန်းကနိဒါန်းသွယ်သည်။
- ကမ္ဘာတဝှမ်းလုံးရှိ၊ကမ္ဘာ့ နိုင်ငံရေးကိုလိုက်စားသော၊ပုဂ္ဂိုလ်တိုင်း လက်သုံးပြုရသောစာအုပ်ဖြစ်သည်။
- စစ်သတင်းများကို၊ သတင်းစာဘတ်ရုံနှင့်၊ အရင်းအမြစ်နှင့်တကွ၊ သိနိုင်ဘို့ခဲယဉ်းသည်။
- သို့သော်၊နဂါးနီ၏ကမ္ဘာ့နိုင်ငံရေးမြေပုံစာအုပ်ကို လက်ကိုင်ထားလျှင်၊ အခြေအမြစ်နှင့်တကွနားလည်လိမ့်မည်။

အမြို့မြို့ရှိ၊နဂါးနီကိုယ်စားလှယ်များထံတွင်ရမည်။